စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၆/၂၀၂၀

## ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- မုံရွာတွင် ပဲတီစိမ်းပေါ်ချိန် ဈေးကွက်ရသဖြင့် အရောင်းသွက်နေ
- COVID-19 ကြောင့် ခရီးသွားနည်းသဖြင့် မြိတ်ဒေသထွက် သဘာဝငှက်သိုက် ရောင်းအားကျ

### နိုင်ငံတကာဈေးကွက်

- ဖိလစ်ပိုင်၏ ဆန်လက်ကျန်စာရင်း ၁၀ နှစ်အတွင်း အမြင့်ဆုံးဖြစ်လာနိုင်
- အိန္ဒိယက အဝယ်ရပ်ထားသော မလေးရှားစားအုန်းဆီကို ပြန်လည်ဝယ်ယူ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- COVID-19 ကြောင့် ယခုနှစ် မြန်မာ့စီးပွားရေး ၂ ရာခိုင်နှုန်းခန့် ကျဆင်းမည်ဟု ကမ္ဘာ့ဘဏ်ထုတ်ပြန်
- လုပ်ခလစာ သက်သာခြင်း၊ သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့လာခြင်းကြောင့် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ၌ CMP လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးတက်လာမည်ဖြစ်ကြောင်း DICA ညွှန်ချုပ်ပြောကြား
- ဈေးကွက်အတွင်းရှိ စက်သုံးဆီ အရည်အသွေးနှင့် အချင်အတွယ်များ ပြည့်မီမှု ရှိ၊ မရှိ ပိုမိုစစ်ဆေးနိုင်ရန် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတစ်ခု ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား
- မြန်မာ့ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှု ၁၀ နှစ်အတွင်း သုံးဆကျော်တိုးလာ

### ပြည်ပကုန်သွယ်မှုသတင်း

- မြန်မာ့မတ်ပဲတန်ချိန် လေးသိန်းကို သုံးလအတွင်း အပြီးတင်သွင်းရန် အိန္ဒိယအစိုးရသတ်မှတ်
- သစ်သီးဝလံနှင့်ရေထွက်ကုန်ကဲ့သို့ပျက်စီးလွယ်သည့်ကုန်များ မြန်ဆန်စွာတင်ပို့ခွင့်ရရန် တရုတ်နှင့်တွေ့ဆုံဆွေးနွေး
- လက်ရှိဘဏ္ဍာနှစ် ခုနှစ်လကျော်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၈ သန်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၅၃၀ ခန့်ရရှိထားပြီး ပင်လယ်ရေကြောင်းမှ ၈၅ ရာခိုင်နှုန်းကျော်အထိ အများဆုံးတင်ပို့ထား
- မြန်မာငှက်ပျော ဆားဗီးယားမှ ဝယ်ရန်ကမ်းလှမ်း

### အထူးဆောင်းပါးများ

- အော်ဂဲနစ်စိုက်ပျိုးရေးအတွက် မိတ်ဖက်စိုက်ပျိုးရေးစနစ်

### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.gov.mm
myantradetir2018@gmail.com

## ပြည်တွင်းဈေးကွက်

### မုံရွာတွင် ပဲတီစိမ်း ပေါ်ချိန် ဈေးကွက်ရသဖြင့် အရောင်းသွက်နေ

မုံရွာမြို့တွင် ပဲတီစိမ်းပေါ်ချိန် ဈေးကွက်ရရှိသဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။ ပဲတီစိမ်း လှိုင်လှိုင် ပေါ်ချိန်ဖြစ်သဖြင့် မုံရွာမြို့ကုန်သည်၊ ပွဲစား၊ စက်ပိုင် များထံသို့ နေ့စဉ် ပဲတီစိမ်းအိတ် ၃၀၀၀ ခန့်ဝင်ရောက်နေပြီး တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ နေ့စဉ် ပဲတီစိမ်းအိတ် ၂၀၀၀ နှင့် ၃၀၀၀ ကြား ပြန်လည် ရောင်းချနေရကြောင်း မုံရွာကုန်စည်ဒိုင် အထွေထွေအတွင်းရေးမှူး ဦးဇော်မိုးထံမှ သိရသည်။" ပဲတီစိမ်းက မုံရွာ ကုန်စည်ဒိုင်ကို တစ်ရက် အိတ် ၃၀၀၀ လောက်ဝင် တယ်။ ဈေးကပုံမှန်ပဲ။ ဈေးက ကျပ် ၃၆,၀၀၀ နဲ့ ကျပ် ၃၇,၀၀၀ ကြား မှာပဲလည်နေတယ်။ တရုတ်ကနည်းနည်းဝယ်တယ်။ အိန္ဒိယကနည်းနည်းပါးပါးဝယ်တယ်။ မုံရွာ ကုန်သည်တွေကတော့ ရောင်းနိုင်ပါတယ်။ မုံရွာမှာရှိတဲ့ ကိုယ်စားလှယ်ကနေဝယ်ယူပြီး တရုတ်နဲ့ အိန္ဒိယက ဝယ်လက်တွေဆီပို့ပါတယ်။ တရုတ်ပို့ရမယ်ဆို မန္တလေးကပို့ပြီး အိန္ဒိယဆိုရင် ရန်ကုန်ကနေသွားပါတယ်။ မုံရွာက နေဆိုရင် နေ့စဉ် အိတ် ၂၀၀၀ နဲ့ ၃၀၀၀ ကြား အရောင်းအဝယ် ဖြစ်နေပါတယ်။ မုံရွာဒေသအနေနဲ့ စံချိန်ပြည့်မီအောင် မရောင်းနိုင်ပေမယ့် ရွှေဘို၊ ပခုက္ကူ၊ ရောဝတီတိုင်း စတာတွေက ထွက်တဲ့ပဲတီစိမ်းတွေပါ ချိတ်ဆက်လုပ်ရင် အမှာရှိသလောက် ရောင်းပေးနိုင်ပါ တယ်"ဟု ဦးဇော်မိုးကပြောသည်။ ထို့ပြင် မုံရွာဈေးကွက်သို့ မြေပဲဆန် အနီ၊ အဖြူ၊ ပဲတီစိမ်း၊ ရေသွင်းနှမ်းများ မုံရွာဝင်ရောက် နေပြီး လက်ရှိပဲတီစိမ်း ဈေးသည် ကျပ် ၃၆,၀၀၀ နှင့် ၃၇,၀၀၀ ကြားရှိကာ မြေပဲဆန်တစ်ပိဿာ ကျပ် ၃,၀၀၀ နှင့် ၃,၂၀၀ ကြားခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ "ပဲစင်းငုံတို့ ကုလားပဲတို့ကတော့ ရောင်းအဝယ် ဖြစ်တော့ဖြစ်တယ်။ လက်ရှိပေါ်တာမဟုတ်ဘူး။ ပေါ်တာကြာပြီဆိုတော့ အခုမှ ဈေးကြိုက်လို့ ဝင်ရောင်းတာရှိမယ်။ လိုအပ်လို့ ရောင်းတာ ရှိတယ်။ အများဆုံးက ပဲတီစိမ်းက အသစ်ပေါ်နေတော့ နေ့စဉ်အိတ်ထောင်နဲ့ချီ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု မုံရွာမြို့မှ ပဲကုန်သည် ဦးတင်ကိုက ပြောသည်။



ပြီးခဲ့သည့်ရက်ပိုင်းက ကျဆင်းနေသော ပဲတီစိမ်းဈေးသည် တရုတ်နိုင်ငံက ဝယ်လိုအားမြင့်တက်လာသဖြင့် မေ ၂၀ ရက်၌ ပြန်လည်မြင့်တက်သွားကြောင်း သိရသည်။

Source:https://myanmar.mmtimes.com/news/139682.

### COVID-19 ကြောင့် ခရီးသွားနည်းသဖြင့် မြိတ်ဒေသထွက် သဘာဝငှက်သိုက် ရောင်းအားကျ

COVID-19 ရောဂါ ဂယက်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ခရီးသွားလာရောက်မှုနည်းပါးခဲ့သည့်အတွက် မြိတ်ဒေသထွက် သဘာဝငှက်သိုက် အရောင်းအဝယ်မှာ နှစ်လအတွင်း ၇၀ ရာခိုင်နှုန်းခန့် ကျဆင်းနေသည်ဟု ငှက်သိုက် ထုတ်လုပ်ရောင်းချသူများထံမှ သိရသည်။

မြိတ်မြို့၊ မီမီသဘာဝ ငှက်သိုက်လုပ်ငန်းမှ ဦးပြည့်ဖြိုးဟန်က“ကိုဗစ်ကာလမှာ ငှက်သိုက်ကုန်ကြမ်းဈေးနှုန်းကျဆင်းမှု မရှိဘူး၊ ဒီအချိန်က ငှက်သားပေါက်တဲ့ ရာသီဖြစ်တဲ့အတွက် ကုန်ကြမ်းရှားသွားပါတယ်၊ ရှားသွားတဲ့အတွက် စုဆောင်းရရှိမှု နည်းတယ်၊ နည်းတဲ့အတွက်ကုန်ကြမ်းဈေးကမကျဘူး၊ အရောင်း အဝယ်တော့ အရင် (၁၀၀) ဖိုးရောင်းရတဲ့ ဆီမှာ အခုက (၃၀) ဖိုးလောက်ဘဲ ရောင်းရတယ်၊ အရောင်းအဝယ်မရှိသလောက်နီးနီး ကျဆင်းသွားတယ်၊ (၇၀) ရာခိုင်နှုန်းကျတယ်၊ (၃၀) ရာခိုင်နှုန်းလောက်ဘဲ အရောင်းအဝယ်ဖြစ်တဲ့ သဘောပေါ့၊ များများစားစားမရောင်းရတော့ဘူး” ဟု ပြောဆိုသည်။ COVID-19 ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ဧပြီလလဆန်းပိုင်းမှစတင်ပြီး ဒေသတွင်းအသွားအလာကန့်သတ်ခြင်းနှင့် ခရီးသည် မော်တော်ယာဉ်လိုင်းများ ပိတ်ထားသဖြင့် နယ်အမှာကုန်များပို့ဆောင်ရန်အခက်အခဲဖြစ်ခဲ့ရသည်။ ကုန်စည်ပို့ဆောင်ရာ၌ ကုန်ကားများသွားခွင့်ပြုပေးခဲ့သော်လည်း ငှက်သိုက်မှာကုန်စည်ပို့ဆောင်သည့်ကားများဖြင့်ပို့ဆောင်မရသည့်အပြင် အအေးခန်း ပါသောကားများဖြင့်သာပို့ကြရသောကြောင့် ခရီးသည်တင်ကားဖြင့်သာပို့လေ့ရှိကြောင်း ငှက်သိုက် လုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။ “ငှက်သိုက်ကို တရုတ်က အဓိကထားပြီး စားပါတယ်၊ တရုတ် နှစ်သစ်ကူးကာလမှာ အမှန်တကယ် အများကြီးရောင်းရပါတယ်၊ ဒါပေမယ့်ဒီနှစ် တရုတ်နှစ်သစ်ကူး ကာလမှာ ကိုဗစ်ဖြစ်တဲ့ အခါကျတော့ တရုတ်က ငှက်သိုက် မဝယ်သလောက်နည်းတယ်၊ ဒါပေမယ့် ပြည်တွင်း စားသုံးတဲ့ ရန်ကုန်တို့၊ မိတ္ထီလာတို့ အဝေးကို ပုံမှန်ပို့နေရသေးတယ်၊ နောက်ပိုင်းကားလမ်းတွေပိတ်တဲ့အခါ ကျတော့ အဝေးပို့လို့ အဆင်မပြေတော့ဘူး၊ ကုန်ကားနဲ့ကျတော့ အရမ်းမပို့ရဲဘူး၊ ခရီးသည်တင်ကား တွေနဲ့သာ ပို့တာများပါတယ်၊ အဝေးကိုပို့လို့ အဆင်မပြေတဲ့အခါကျတော့ အရောင်းအဝယ်မဖြစ်ဘူး၊ မြို့တွင်းမှာ ပုံမှန် ဝယ်သောက်ကြသူတွေက ပုံမှန်အတိုင်းဝယ်သောက်ကြပါတယ်”ဟု မြိတ်မြို့၊ ဂုဏ်ရုံလမ်းရှိ ငှက်သိုက်အရောင်းဆိုင်လုပ်ငန်းမှ ဒေါ်ယုယုမွန် က ပြောကြားသည်။ ယခင်နှစ်များ၌ ယခုအချိန်မှာ သဘာဝငှက်သိုက်များမှာ ရောင်းအားအကောင်းဆုံးအချိန်



ဖြစ်ခဲ့ပြီး အခုနှစ်မှာ အရောင်းအဝယ်နည်းပါးနေသော်လည်း အခြားဒေသထွက်ပစ္စည်းများကဲ့သို့ ဈေးနှုန်းကျဆင်းခြင်း မရှိဟု ငှက်သိုက် လုပ်ငန်းလုပ်ကိုင်သူများကရှင်းပြသည်။ "ကိုဗစ်ဖြစ်တဲ့ အချိန်မှာ ကိုယ်ခံအားကောင်းတယ်ဆိုပြီး ဒီငှက်သိုက်ကို စားသုံးချင်တဲ့ သူတွေ အများ ကြီးရှိတယ်၊ ဒါပေမယ့် ပစ္စည်း တစ်နယ်မှ တစ်နယ်ပို့မရဘူး၊ ကားဂိတ်တွေကလည်း ပိတ်ထားတဲ့ အခါကျတော့ ပို့ရမယ့် အခက်အခဲတွေ ရှိပါတယ်၊ ဒါပေမယ့် ဈေးနှုန်းတွေကတော့ မကျပါဘူး၊ အရောင်းအဝယ် တန့်သွားတာပဲ ရှိပါတယ်"ဟု My Bird's Nest ငှက်သိုက်လုပ်ငန်းရှင် ဦးဟန်မင်းစိုးက ပြောဆိုသည်။ သဘာဝ ငှက်သိုက်များကို အရင်က မြိတ်ဒေသ၌ ငှက်သိုက် ကုန်ကြမ်းအနေဖြင့်သာ အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး လက်ရှိအချိန်မှာတွင် အဆင်သင့် သောက်သုံးနိုင်သည့် ကုန်ချောအဆင့်အထိ ထုတ်လုပ်နေသည့်အပြင် အဆင်သင့်ပေါင်းစားရန်အတွက် အထုပ်ငယ်များပင် စမ်းသပ်ထုတ်လုပ်လာ ရောင်းချလာကြသည်။ မြိတ်မြို့ ငှက်သိုက် အရောင်းဈေးကွက်တွင် အသင့်သောက် ငှက်သိုက်ပေါင်းရည် (၄) မျိုးကို ဘူးအရွယ်အစား အလိုက် ၃၀၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်အထိ ရောင်းချသည်။

အဆိုပါ သဘာဝငှက်သိုက်များမှာ တနင်္သာရီတိုင်းအတွင်း မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်ရှိ မြို့နယ်များတွင် အများဆုံးထွက်ကာ ကာလ ပေါက်ဈေးအဖြစ် ငှက်သိုက် ရောင်းဝယ်မှု ဈေးကွက်၌ ပေါင်းစားရန်အသင့် သန့်စင်ပြီး ငှက်သိုက် အခြောက် ပထမတန်းစား တစ်ပိဿာလျှင် ကျပ်သိန်း (၄၀) ခန့်၊ ဒုတိယ တန်းစား တစ်ပိဿာလျှင် ကျပ်(၃၆) သိန်းခန့်၊ တတိယ တန်းစား တစ်ပိဿာလျှင် ကျပ် (၃၂) သိန်းခန့်၊ စတုတ္ထတန်းစား တစ်ပိဿာလျှင် ကျပ်သိန်း (၃၀) ခန့်ရှိကြောင်း မြိတ်ခရိုင် ငှက်သိုက် လုပ်ငန်းရှင်များ အသင်းမှ သိရသည်။

Source: https://myanmar.mmtimes.com/news/139511.html

## နိုင်ငံတကာဈေးကွက်

### ဖိလစ်ပိုင်၏ ဆန်လက်ကျန်စာရင်း ၁၀ နှစ်အတွင်း အမြင့်ဆုံးဖြစ်လာနိုင်

ကမ္ဘာ့ဆန်တင်သွင်းမှုအများဆုံး ဖိလစ်ပိုင်သည် ပြည်တွင်းဆန်ထုတ်လုပ်မှုမြှင့်တင်ရေး ကြိုးပမ်းနေသလို ပြည်ပဆန်ကိုလည်း တိုးမြှင့်ဝယ်ယူခဲ့သဖြင့် ယခုနှစ်ကုန် နိုင်ငံ၏ ဆန်လက်ကျန်စာရင်း တန်ချိန် ၃ ဒသမ ၃ သန်းရှိလာနိုင်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင်ပြောသည်။ အဆိုပါပမာဏမှာ ၁၀ နှစ်အတွင်း အများဆုံးသော ဖိလစ်ပိုင်၏ ဆန်လက်ကျန်စာရင်းဖြစ်ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့၏ ပြုစုသည့် ကိန်းဂဏန်းများအရသိရသည်။ "ဆန်ရှားပါးလတွေကိုကျော်ဖြတ်ပြီး ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရောက်တဲ့အထိ ကျွန်တော်တို့မှာ စားနပ်ရိက္ခာအလုံအလောက် ရှိနေပါလိမ့်မယ်။ အဲဒီထဲမှာ အခြေခံစားကုန်ဆန်အပါ အဝင်ဖြစ်ပါတယ်" ဟု စိုက်ပျိုးရေးဝန် William Dar က ထုတ်ပြန်ချက် တစ်ခုတွင် ပြောသည်။



ဖိလစ်ပိုင်၏ ဆန်ရှားလများမှာ ပြည်တွင်းဆန်ထုတ်လုပ်မှုနည်းသော ဇူလိုင်မှ စက်တင်ဘာလအထိဖြစ်သည်။ ခန့်မှန်းခြေ နှစ်ကုန်ဆန်စာရင်းမှာ နိုင်ငံစားသုံးမှုအတွက် ၉၄ ရက်စာ လောက်မည်ဖြစ်ကြောင်း ၄င်းက ပြောသည်။ ခန့်မှန်းချက်တွင် အစိုးရက တင်သွင်းရန် ဆောင်ရွက်နေသော ဆန်တန်ချိန် သုံးသိန်းကို ထည့်တွက်ထားသည်။ အဆိုပါ တင်သွင်းမှုမှာ ယခင်နှစ်က စတင်သက်ရောက်ခဲ့သည့် ဆန်တင်သွင်းပမာဏ အကန့်အသတ်ဖယ်ရှားမှုနောက်ပိုင်း အစိုးရ၏ ပထမဆုံးဆန်တင်သွင်းမှုဖြစ်သည်။ ဆန်များထပ်မံတင်သွင်းခြင်းကြောင့် ဖိလစ်ပိုင်၏ ယခုနှစ်လက်ရှိကာလအထိ စုစုပေါင်း ဆန်တင်သွင်းမှုမှာ တန်ချိန် သုံးသန်းအထိ စံချိန်တင်ရောက်ရှိပြီး ယခင်နှစ်တစ်နှစ်လုံး၏ ဝယ်ယူမှု တန်ချိန် ၂ ဒသမ ၉ သန်းကိုပင် ကျော်ဖြတ်သွားခဲ့သည်။

Source: https://www.thefarmermedia.com/news/15104

### အိန္ဒိယက အဝယ်ရပ်ထားသော မလေးရှားစားအုန်းဆီကို ပြန်လည်ဝယ်ယူ

သံတမန်ရေးတင်းမာမှုအရ အိန္ဒိယက မလေးရှားစားအုန်းဆီကိုလေးလကြာ အဝယ်ရပ်ထားခဲ့ရာမှ ယခုအခါ မလေးရှားစားအုန်းဆီကို ပြန်လည်ဝယ်ယူလာပြီး အိန္ဒိယ၌ ကုန်ကျန်နည်းနေခြင်းနှင့် မလေးရှားစားအုန်းဆီဈေး သက်သာနေခြင်းတို့က ဝယ်ယူမှုကို စေ့ဆော်ခဲ့ကြောင်း ကုန်သွယ်ရေးသတင်းရင်းမြစ်များကပြောသည်။ မလေးရှားအစိုးရသစ်ဖွဲ့ပြီးနောက်ပိုင်း အိန္ဒိယနှင့် ဆက်ဆံရေး ပြန်ကောင်းလာကာ မလေးရှားက ယခင်အပတ်တွင် အိန္ဒိယဆန်တန်ချိန် တစ်သိန်းအထိ စံချိန်တင် ဝယ်ယူရန် စာချုပ်ခဲ့သလို အိန္ဒိယကလည်း မလေးရှားစားအုန်းဆီဝယ်ယူခဲ့ခြင်းဖြစ်သည်။

အိန္ဒိယသွင်းကုန်လုပ်ငန်းကြီးများသည် စားအုန်းဆီတင်ပို့မှု ဒုတိယအများဆုံးအဖြစ် အင်ဒိုနီးရှားနောက်တွင် ရပ်တည်နေသော မလေးရှားထံမှ စားအုန်းဆီကြမ်း တန်ချိန် နှစ်သိန်းအထိ ဝယ်ယူရန် ယခင်အပတ်ကစာချုပ်ခဲ့ပြီး ယင်းတို့အား ဇွန်လ

နှင့် ဇူလိုင်လအတွင်း တင်ပို့သွားရမည်ဖြစ်ကြောင်း သတင်းရင်းမြစ်များက ရိုက်တာသတင်းဌာနကိုပြောသည်။ "တင်သွင်းမှု နည်းတာကြောင့် အိန္ဒိယရဲ့ ဆိပ်ကမ်းကုန်လက်ကျန်သိသိသာသာ ကျဆင်းလာပါတယ်" ဟု မလေးရှားနှင့် အင်ဒိုနီးရှား စားအုန်းဆီ ရောင်းချနေသော စင်ကာပူအခြေစိုက်ကုန်သည်တစ်ဦးက ပြောသည်။ ယခုနှစ် ပထမလေးလအတွင်း အိန္ဒိယ၏ စုစုပေါင်းစားအုန်းဆီတင်သွင်းမှုသည် ၂၀၁၉ ခုနှစ် အလားတူကာလထက် ၅၀ ရာခိုင်နှုန်းကျော် လျော့နည်းကာ တန်ချိန် ၁ ဒသမ ၁၁ သန်းသာရှိခဲ့ကြောင်း ပို့ကုန်အချက်အလက်များကို ကောက်ခံသည့် Refinitive အဖွဲ့၏ စာရင်းများကပြနေသည်။

ကမ္ဘာတွင်စားဆီတင်သွင်းမှုအများဆုံး အိန္ဒိယက စားအုန်းဆီပြန်လည်ဝယ်ယူလာခြင်းကြောင့် ၁၀ လတာအနိမ့်ဆုံးမှ ပြန်တက်လာနေသော မလေးရှားစားအုန်းဆီဈေးကိုထပ်မံမြင့်တက်စေဖွယ်ရှိသည်။ မလေးရှားဝန်ကြီးချုပ်ဖြစ်ခဲ့သူ မဟာသီယာ မိုဟာမက်က မွတ်ဆလင်လူနည်းစုအပေါ် သက်ရောက်သော အိန္ဒိယအစိုးရမူဝါဒများကို ဝေဖန်ခဲ့သဖြင့် အိန္ဒိယသည် ယခုနှစ် ဆန်းပိုင်းက မလေးရှားထံမှ စားအုန်းဆီတင်သွင်းမှုကို ကန့်သတ်ခဲ့သည်။ မတ်လဆန်းပိုင်းက



မလေးရှားအစိုးရသစ်ဖွဲ့ပြီး နောက်ပိုင်း အိန္ဒိယနှင့်ဆက်ဆံရေး တိုးတက်လာခဲ့သလို အိန္ဒိယတွင် ကုန်ကျန်းနည်းနေခြင်းကလည်း ဝယ်ယူမှုသစ်ကို အားပေးခဲ့ကြောင်း ဇွန်လအတွက် စားအုန်းဆီအချို့ ဝယ်ယူခဲ့သော အိန္ဒိယဆီသန့်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ "အိန္ဒိယအစိုးရက နောက်ရောက်လာမယ့်ကုန်စည်တွေအတွက် ကုန်ချလုပ်ငန်းခွင့်ပြုမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ရောင်းလက် (အင်ဒိုနီးရှား) တစ်ခုတည်း အပေါ် အကြာကြီးမှီခိုနေလို့မရပါဘူး။ အထူးသဖြင့်ကုန်ဖြည့်တင်းရမယ့်အခြေအနေမျိုးမှာပေါ့"ဟု ၎င်းလုပ်ငန်းရှင် ကပြောသည်။ ယခုကိစ္စနှင့် စပ်လျဉ်း၍ အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဌာနထံ အင်္ဂါနေ့က မှတ်ချက်တောင်းခံရာ တုံ့ပြန်ခဲ့ခြင်း မရှိပေ။ လက်ရှိ မလေးရှားစားအုန်းဆီဈေးသည် တစ်တန်လျှင် ငါးဒေါ်လာ ပို့ကုန်ခွန်တင်လိုက်သော အင်ဒိုနီးရှား စားအုန်းဆီထက် ၁၅ ဒေါ်လာဈေးသက်သာနေကြောင်း မွန်ဘိုင်းမြို့အခြေစိုက်ကုန်သည်တစ်ဦးကပြောသည်။ ဈေးဆက်လက် လျော့နည်းနေပါက အိန္ဒိယ၏ မလေးရှားစားအုန်းဆီဝယ်ယူမှု ထပ်မံမြင့်တက်ဖွယ်ရှိကြောင်း ၎င်းကပြောသည်။

မလေးရှား၌ ကုန်လက်ကျန်မြင့်တက်နေသလို ဇွန်လတွင် ထုတ်လုပ်မှုတိုးတက်လာမည်ဟု ခန့်မှန်းထားသဖြင့် မလေးရှားတင်ပို့သူများက စားအုန်းဆီကို လျှော့ဈေးအတိုင်းရောင်းချသွားလိုကြောင်း မလေးရှားစားအုန်းဆီ ဝယ်ယူခဲ့သော အိန္ဒိယဆီသန့်လုပ်ငန်းရှင်နောက်တစ်ဦးကပြောသည်။ မလေးရှားတွင် စားအုန်းဆီထုတ်လုပ်မှု ခြောက်လတာ အမြင့်ဆုံး ရောက်ခဲ့သလို ကိုရိုနာဗိုင်းရပ်စ်အရ ပိတ်ဆို့မှုများကြောင့် ဝယ်လိုအားကျနေသဖြင့် ဧပြီလအတွင်း မလေးရှားစားအုန်းဆီ လက်ကျန်စာရင်းမှာ နှစ်လကျော်အတွင်း အမြင့်ဆုံးထိ ခုန်တက်လာသည်။ အိန္ဒိယသည် နှစ်စဉ်စားအုန်းဆီ တင်သွင်းမှုအနက် သုံးပုံနှစ်ပုံနီးပါးအထိဖြစ်ပြီး ၂၀၁၉ ခုနှစ်က မလေးရှားစားအုန်းဆီ တန်ချိန် ၄ ဒသမ ၄ သန်းအထိ စံချိန်တင်ဝယ်ယူခဲ့သည်။ "အင်ဒိုနီးရှားရဲ့ ပို့ကုန်ခွန်ကြောင့် မလေးရှားပို့ကုန်လုပ်ငန်းတွေဟာ စားအုန်းဆီကို ဈေးလျှော့ရောင်းနိုင်နေကြပါတယ်။ ဒါက အိန္ဒိယဝယ်လက် တွေကို ဆွဲဆောင်နေပါတယ်" ဟု မွန်ဘိုင်းအခြေစိုက် ဟင်းရွက်ဆီကုန်သွယ်ရေးလုပ်ငန်း Sunvin Group ၏ သုတေသနချုပ် Anilkumar Bagani ကပြောသည်။

Source: https://www.thefarmermedia.com/news/15094

## ပြည်တွင်းကုန်သွယ်မှုသတင်း

### COVID-19 ကြောင့် ယခုနှစ် မြန်မာ့စီးပွားရေး ၂ ရာခိုင်နှုန်းခန့် ကျဆင်းမည်ဟု ကမ္ဘာ့ဘဏ်ထုတ်ပြန်

COVID-19 ရောဂါကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် စိန်ခေါ်မှုအသစ်များ ကြုံလာရပြီး ယခုဘဏ္ဍာနှစ်တွင် စီးပွားရေး ဖွံ့ဖြိုးမှု ၂ ရာခိုင်နှုန်း ခန့် လျော့နည်းမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၈-၁၉ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး COVID-19 ကြောင့် ၄ ဒသမ ၃ ရာခိုင်နှုန်းသို့ လျော့ကျမည်ဟု ဆိုထားသည်။ အစိုးရ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ စီးပွားရေး တစ်ခုလုံးကို တိုင်းတာသည့် (GDP)တန်ဖိုးကို ကျပ် ၁၁၉ ထရီလီယံ လျာထားသည်။ ၎င်းပမာဏသည် ကန်ဒေါ်လာ ၇၈ ဘီလီယံကျော်သည်။



ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံ၏ GDP တန်ဖိုးသည် ကန်ဒေါ်လာ သုံးဘီလီယံခွဲ ကျော်သာ တိုးတက်နိုင်ခြေရှိသည်ဟုဆိုသည်။ အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း မြန်မာနိုင်ငံ၏ စီးပွားရေး ကို ယခုဘဏ္ဍာနှစ်တွင် ၂ ဒသမ ၈ ဘီလီယံ လျော့နည်းမည်ဟုခန့်မှန်းထားသည်။ ထို့အပြင် COVID-19 ရောဂါကြောင့် စီးပွားရေးဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုးများကို လုပ်ငန်းကဏ္ဍသုံးခုတွင် ပါဝင်

နေသော လုပ်သားများက ခံစားရမည်ဟု ဆိုထားသည်။ COVID-19 ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှု ၁၀ ရာခိုင်နှုန်းခန့်လျော့နည်းသွားသည်ဟု စီးပွားရေးပညာရှင် ဦးဇော်ဖေဝင်းကပြောသည်။ စိုက်ပျိုးရေး၊ အထည်ချုပ် နှင့် ခရီးသွားကဏ္ဍမှ နွမ်းပါးပြီး ထိခိုက်လွယ်သော လုပ်သားများက နောက်ဆက်တွဲ ဆိုးကျိုးများ ခံစားရမည်ဟု ကမ္ဘာ့ဘဏ်အုပ်စု၏ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)၏ ဌာနေကိုယ်စားလှယ် မစ်ယွမ်ရှူကဆိုသည်။ ထို့အပြင် COVID-19 ကပ်ရောဂါကြောင့် အသက်မွေးဝမ်းကျောင်း စီးပွားရေး လုပ်ငန်းများအပေါ် ခြိမ်းခြောက်မှုပိုမိုကြီးမားသဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို အကောင် အထည်ဖော်ရန် လိုအပ်သည်ဟု ၎င်းက ပြောသည်။

လက်ရှိ ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံ၏ COVID-19 ရောဂါတိုက်ဖျက်ရေးတွင် ကျန်းမာရေးအထောက်အကူပြု လုပ်ငန်းများအတွက် ချေးငွေ ကန်ဒေါ်လာ သန်း ၅၀ ကို ထုတ်ချေးရန် သဘောတူထားသည်။ ဆေးရုံများ ကြိုတင်ပြင်ဆင်မှု ဆောင်ရွက်နိုင်ရေး အပါအဝင် ကျန်းမာရေး ဝန်ထမ်းများ၏ ရောဂါကာကွယ်ရေး၊ ရောဂါကူး စက်ခံစားသူများနှင့် သေဆုံးမှုများ လျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရန်ချေးငွေပေးခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ် က ဆိုထားသည်။ ကမ္ဘာ့ဘဏ်က တည်ထောင် ထားသော ကပ်ရောဂါအရေးပေါ်ဘဏ္ဍာရေး ပံ့ပိုးမှုအစီအစဉ်မှ မြန်မာနိုင်ငံအတွက် ထောက်ပံ့ငွေ ဒေါ်လာရှစ်သန်းရရှိထား သည်။ Source: https://7day.news/detail?id=186606

## လုပ်ခလစာ သက်သာခြင်း၊ သယ်ယူပို့ဆောင်ရေး အဆင်ပြေ ချောမွေ့လာခြင်းကြောင့် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ၌ CMP လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးတက်လာမည်ဖြစ်ကြောင်း DICA ညွှန်ချုပ်ပြောကြား

လုပ်ခလစာ သက်သာခြင်း၊ သယ်ယူပို့ဆောင်ရေး အဆင်ချောမွေ့လာခြင်းကြောင့် စက်မှုကဏ္ဍ၌ CMP လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ ဆက်လက် တိုးတက်လာမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထတစ်နှစ်တာကာလအတွင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍နိုင်ငံပိုင်သတင်းစာနှင့်ဖြေကြားမှုတွင် ညွှန်ကြားရေးမှူးချုပ် က ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ “စက်မှုလုပ်ငန်းတွေက နိုင်ငံရဲ့လုပ်သားအင်အား များပြားခြင်း၊ လုပ်ခလစာ သက်သာ ခြင်း၊ ဝင်ထွက်သွားလာရန် ဆိပ်ကမ်း၊ လေကြောင်း၊ ကုန်းလမ်းနဲ့ မီးရထား စတဲ့သယ်ယူပို့ဆောင်မှုတွေ အဆင်ပြေတာ ဖြစ်တဲ့အတွက် စက်မှုလုပ်ငန်းတွေ ပိုများတာ ဖြစ်ပါတယ်။ စက်မှုလုပ်ငန်းမှာ CMP လုပ်ငန်းက ပိုများပါတယ်။ CMP လုပ်ငန်း တွေ ဆက်ပြီးတိုးတက်လာဦးမယ်လို့လည်း မျှော်မှန်းပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများအနက် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍသည် အများဆုံးဖြစ်သည်။ လျှပ်စစ်လုပ်ငန်းကဏ္ဍသည် ဒုတိယ အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍသည် တတိယ အများဆုံးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP စနစ်ဖြင့်လုပ်ဆောင်နေခြင်းဖြစ်ပြီး ပြည်တွင်း CMP လုပ်ငန်းများ၌ အထည်ချုပ်လုပ်ငန်းသည် အများဆုံးဖြစ်သည်။ လက်ရှိအချိန်တွင်လည်း CMP ပို့ကုန်များမှာ နှစ်စဉ် တိုးတက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင်လည်း အထည်ချုပ်ကဏ္ဍတွင် အများဆုံးဝင်ရောက် လျက်ရှိကြောင်း သိရသည်။ အစိုးရသစ် စတင်တာဝန်ယူချိန်၌ အထည်ချုပ် (CMP) ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာသန်း ၅၀၀ နှင့် အလုပ်အကိုင် လေးသိန်းခန့် ဖန်တီးနိုင်ခဲ့သည်။ အစိုးရသက်တမ်း လေးနှစ်တာကာလအတွင်း အထည်ချုပ်လုပ်ငန်း (CMP) ထုတ်လုပ်မှုတန်ဖိုးသည် ၁၀ ဆတိုးတက်လာပြီး ယခုအစိုးရသက်တမ်း စတုတ္ထနှစ်တွင် ဒေါ်လာ ငါးဘီလျံခန့်အထိ တိုးတက် လာနိုင်မည့် အခြေအနေ ရှိကြောင်းသိရသည်။ လက်ရှိအချိန်တွင် အထည်ချုပ်လုပ်ငန်းများမှ အလုပ်သမား ခြောက်သိန်းခန့်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ယင်းအနက် ၉၅ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။



၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ အိမ်ခြံမြေ ကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းထွက်ကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ၊ စက်မှုဇုန်လုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ထားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရင်းနှီးမြှုပ်နှံမှု မျှော်မှန်း လျာထားချက်မှာ ဒေါ်လာ ၅

ဒမသ ၈ ဘီလျံဖြစ်သည်။ လက်ရှိ အချိန်အထိ ဒေါ်လာ ၃ ဒသမ ၄ ဘီလျံခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံ၌ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုပမာဏ ဒေါ်လာ ၈၅ ဒသမ ၁၆၇ ဘီလျံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂၀၀၀ နီးပါးအထိ လာရောက်ရင်းနှီးမြှုပ်နှံ ထားသည်။

Source: https://news-eleven.com/article/175647

## ဈေးကွက်အတွင်းရှိ စက်သုံးဆီ အရည်အသွေးနှင့် အချင်အတွယ်များ ပြည့်မီမှု ရှိ၊ မရှိ ပိုမိုစစ်ဆေးနိုင်ရန် ရေနံထွက် ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနတစ်ခု ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

ဈေးကွက်အတွင်းရှိ စက်သုံးဆီ အရည်အသွေးနှင့် အချင်အတွယ်များ ပြည့်မီမှုရှိ၊ မရှိ ပိုမိုစစ်ဆေးနိုင်ရန် ရေနံထွက် ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတစ်ခု ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (စွမ်းအင်ကဏ္ဍ) ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂၅ ရက်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပထမသုံးလပတ်နှင့် ဒုတိယသုံးလပတ် ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ လာမည့် တတိယ သုံးလပတ် ကာလအတွင်း ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ယူထားသည့် စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက်အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ပြီး နိုင်ငံတော်ဝင်ငွေအတွက်လည်း အဓိကအားထားရပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းသုံး ရေနံနှင့်သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးနိုင်ရန် ပြည်ပသို့ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ရောင်းချ၊ ပို့လွှတ်ပေးရန် တာဝန်ယူဆောင်ရွက်လျက် ရှိပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ယခုထက် ပိုမို တိုးတက်ထုတ်လုပ်နိုင်ရေး စီမံချက်များ စနစ်တကျ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြား သည်။ ပြည်တွင်းစက်သုံးဆီလုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိရေနံချက်စက်ရုံများအား ပြုပြင်လည်ပတ်သကဲ့သို့ စက်စွမ်းအားပိုမိုမြင့်မားသည့် ရေနံဓာတုဗေဒစက်ရုံများ တည်ဆောက်ရေးကိုလည်း စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် Minirefinery များ စနစ်တကျတည်ဆောက် ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာ များ ပံ့ပိုးကူညီရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် ယူရီးယား ဓာတ်မြေသြဇာ ထုတ်လုပ်ခြင်းကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင်စီမံရမည်ဖြစ်ကြောင်း၊ စီးပွားရေးတွက်ခြေကိုက်ပြီး အမှန်တကယ်အကျိုးရှိ မည့်ခေတ်မီဓာတ်မြေသြဇာစက်ရုံများ တည်ဆောက်ရေးကိုလည်း စီမံထားရန်လိုအပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ ထို့ပြင် မိမိတို့လျာထားချက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် အိမ်ထောင်စု တစ်သန်း LPG သုံးစွဲနိုင်ရေးကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ရေနံ ဓာတ်ငွေ့ရည် သုံးစွဲမှုကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ၂၀၁၀ ခုနှစ်မှစတင်၍ လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်က ထုတ်ပြန်ခဲ့သော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့် အညီဖြစ်စေရန်အတွက် ဈေးကွက်ရှိ စက်သုံးဆီ အရည်အသွေး၊ အချင်အတွယ်များ ပြည့်မီအောင် စစ်ဆေးကြပ်မတ်ခြင်းများကိုလည်း ယခုထက် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအား အရည်အသွေး၊ အချင်အတွယ် ပြည့်ဝသည့် စက်သုံးဆီများ အသုံးပြုနိုင်ရေး စီမံပေးရန်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ယင်းအပြင် နိုင်ငံတော်အတွက် အရေးပေါ်ကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် စက်သုံးဆီ အရန်သိုလှောင် ထားမှုများကို လည်း စီမံထားရန်လိုအပ်ကြောင်း၊ အထက်ပါလုပ်ငန်းများကို စနစ်တကျ ကြီးကြပ်စစ်ဆေးနိုင်ရန် မကြာမီ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနတစ်ခု အသစ်ဖွင့်လှစ်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ ကမ္ဘာ့ကပ်ရောဂါ COVID-19 ကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းမှု၏ Impact ကို ကြိုတင်ပြင်ဆင်ရမည်ဖြစ်ပြီး အခြားဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို သုံးသပ်၍ သက်ရောက်မှု အနည်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အရန်စက်သုံးဆီများ သိုလှောင်ထားရှိရန် လိုအပ်ကြောင်း၊ COVID-19 ထိန်းချုပ်နေသော ကာလအတွင်း မိမိတို့လုပ်ငန်းအလိုက် စီမံကိန်းများ နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်နေရသည့် အခြေအနေများကို အသေးစိတ် တင်ပြကြရန် လိုအပ်ကြောင်း၊ COVID-19 Impact အား ပြန်လည်ကုစားနိုင်ရန် Prevention Plan များ ရေးဆွဲထားရန်

လိုအပ်ကြောင်း၊ သို့မှသာ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အတတ်နိုင်ဆုံး ပြီးစီးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း၍ ဝိုင်းဝန်းဆောင်ရွက် ပေးနိုင်မည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

Source: https://news-eleven.com/article/175582

## မြန်မာ့ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှု ၁၀ နှစ်အတွင်းသုံးဆကျော် တိုးလာ

မြန်မာ့ပျားမွေးမြူရေးနှင့်ပျားရည်ထုတ်လုပ်မှုမှာ ၂၀၀၉ ခုနှစ်မှစ၍ ၁၀ နှစ်အတွင်း သုံးဆကျော် တိုးလာပြီး ဒေသနှင့် ကိုက်ညီသော ပျားရည်အထွက်တိုးများသည့် ပျားမျိုးစိတ်များကို သုတေသနနည်းဖြင့် ရွေးချယ်အစားထိုးလာကြကြောင်း သိရသည်။

ပျားမွေးမြူရေးကဏ္ဍ၌ ၂၀၀၉-၂၀၁၀ ပြည့်နှစ် တွင် ပျားအုံပေါင်း ၄၉၀၈၅ အုံမှ ၂၀၁၇-၂၀၁၈ ခုနှစ် တွင် ၁၆၄၉၃၀ အုံ၊ ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် ၁၉၅၆၄၀ အုံအထိ တိုးတက်များပြားလာခဲ့သည်။ ပျားရည်ထုတ်လုပ်မှုမှာ ၂၀၀၉-၂၀၁၀ ပြည့်နှစ် တွင် ၁၆၅၈ မက်ထရစ်တန်မှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၄၃၇၇ဒသမ၈၂ မက်ထရစ်တန်၊ ၂၀၁၈-၂၀၁၉ ခုနှစ် တွင် ၄၈၆၉ ဒသမ ၅၇ မက်ထရစ်တန်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ ပျားရည်တင်ပို့မှုမှာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၁၇၈၇ မက်ထရစ်တန်မှ ၂၀၁၇-၁၈ ခုနှစ်တွင် ၂၆၇၂ ဒသမ၇၂ မက်ထရစ်တန်၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၂၂၂၃ ဒသမ၈၆မက်ထရစ်တန် တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်အောက် မက်ထရစ်တန် ၆၇၀ ခန့် လျော့နည်းခဲ့သည်။ '' မြန်မာနိုင်ငံမှာ အာရှပျားမျိုးခြောက်မျိုးနဲ့ ဥရောပပျား ၁၈ မျိုး အနက် ခုနစ်မျိုး၊ ပျားမျိုး ခွဲပေါင်း ၁၃ မျိုးကို တွေ့ရပါတယ်။ ဥရောပပျားမျိုးထဲမှာ ပျားရည်ထုတ်လုပ်မှုနဲ့ မျိုးပွားမှုညံ့တဲ့ ပျားမျိုးတွေ ပါရှိနေပြီး ကျွန်တော့်အမြင်မှာ အကောင်းဆုံးဥရောပပျား နှစ်မျိုးက အီတလီပျားမျိုးနဲ့ ကာနီအိုလန်ပျားမျိုး တွေပဲ ဖြစ်ပါတယ်။ ကာနီအိုလန်မျိုးက မြန်မာ့ရာသီသဘာဝနဲ့ကိုက်ညီပြီး ပျားရည်အထွက်ပိုကောင်းတယ်။ မြန်မာ့ပျားမွေးတောင်သူ တွေလက်ထဲမှာ ပျားမျိုးညံ့တွေ ပိုရောက်နေလို့ ပျားရည်ထွက်နှုန်းကျသွားတာ။ ပျားတောင်သူတွေကို သုတေသနနည်းနဲ့ ပျားမျိုးသန့်နည်းတွေကို သင်ကြားပေးနေပါတယ်'' ဟု မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာ လှိုင်မင်းဦးက ပြောသည်။

မေ ၂၀ ရက်က World Day webinar ကို ပျားဌာနကို တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ပျားလုပ်ငန်းအသင်းနှင့် ပျားလုပ်ငန်း ဌာနတို့မှ တာဝန်ရှိသူများဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ပျားမွေးမြူရေးကဏ္ဍ၏ "အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံပျားလုပ်ငန်းမဟာ ဗျူဟာကိုရေးဆွဲထားကြောင်း ယင်းဆွေးနွေးပွဲမှ သိရသည်။ Source: https://www.facebook.com/MYANMAALINNNEWS

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာ့မတ်ပဲတန်ချိန် လေးသိန်းကို သုံးလအတွင်းအပြီးတင်သွင်းရန် အိန္ဒိယအစိုးရ သတ်မှတ်

မြန်မာတစ်နိုင်ငံတည်းကသာ တင်သွင်းနေသော ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်ခွဲတမ်း မတ်ပဲတန်ချိန် ၄ သိန်း တင်သွင်းခွင့် ကာလကို တစ်နှစ်သတ်မှတ်ထားရာမှ ၃ လအတွင်းအပြီးတင်သွင်းရန် ပြောင်းလဲသတ်မှတ်ကြောင်း အိန္ဒိယအစိုးရက မေ၂၂ ညတွင် ကြေညာခဲ့သည်။

အိန္ဒိယအစိုးရ၊ စီးပွားရေးနှင့်စက်မှုဝန်ကြီးဌာနအောက်ရှိ Department of Commerce Directorate General of Foreign Trade ၏ ကြေညာချက်အရ မတ်ပဲအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ခွဲတမ်း(Quota) စနစ်ဖြင့် တန်ချိန် ၄ သိန်း ဝယ်ယူတင်သွင်းခွင့်ကို မူလက ၂၀၂၁ ခုနှစ်၊ မတ်လကုန်အထိ သတ်မှတ်ထားရာမှ ယခုအခါ ၂၀၂၀ ပြည့်နှစ်၊ဩဂုတ်လကုန်ထိ အိန္ဒိယဆိပ်ကမ်းအရောက် အပြီးတင်သွင်းရန် မူဝါဒ ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။ ယင်းသည် မူလသတ်မှတ် ကာလထပ် ၈ လရှေ့တိုး၍ ပြောင်းလဲသတ်မှတ်လိုက်ခြင်း ဖြစ်သည်။ မူလက ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ၂၀၂၁ ခုနှစ် မတ်လကုန် ထိ တစ်နှစ်သက်တမ်းရှိသော၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ခွဲတမ်းစနစ်ဖြင့် မတ်ပဲတန်ချိန် ၄ သိန်းဝယ်ယူတင်သွင်း ခွင့်ပြု ကြောင်း ပြီးခဲ့သောမတ်လ ၁၉ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ယခုတစ်လကျော်ကာလ တင်သွင်းခွင့် လိုင်စင် ချထားပေးရန် လုပ်ဆောင်စဉ်မှာပင် အိန္ဒိယအစိုးရက မူဝါဒပြောင်းလဲလိုက်ခြင်းဖြစ်သည်။ မူဝါဒပြောင်းလဲရာတွင်လည်း အကြောင်းပြချက်တစ်စုံတစ်ရာ ဖော်ပြထားခြင်း မရှိပေ။

အိန္ဒိယအစိုးရက မူဝါဒပြောင်းလဲလိုက်ခြင်းသည် ၄င်းနိုင်ငံအတွင်း လိုင်စင်ချပေးမည့် အိန္ဒိယကုမ္ပဏီများကို မြန်မြန် ဆန်ဆန်ပဲတင်သွင်းစေလိုခြင်း၊ အိန္ဒိယနိုင်ငံအတွင်း လာမည့်စက်တင်ဘာလတွင် ပဲထွက်ရှိမှုအပေါ် တောင်သူများ ထိခိုက် နစ်နာမှုမရှိစေရန် ပြည်ပမှ ပဲတင်သွင်းချိန်နှင့် တိုက်ဆိုင်မှုမရှိစေလိုခြင်း စသည်တို့ကြောင့် ဖြစ်နိုင်သော်လည်း မတ်ပဲတင်ပို့

သည့်မြန်မာနိုင်ငံအတွက် နစ်နာမှုရှိသည်ဟု မြန်မာနိုင်ငံပဲ နှမ်းစိုက်ပျိုး ထုတ်လုပ်သူများအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက မြန်မာတိုင်းမ်ကိုပြောသည်။ ''အိန္ဒိယက ပဲနဲ့ပတ်သက်ရင် မူဝါဒအပြောင်းအလဲ အရမ်းမြန်နေတယ်။ အခုလက်ရှိ အနေအထား မှာ တစ်နှစ်လုံးစာပေးထားတဲ့ မတ်ပဲQuota(ခွဲတမ်း)ကို ၃ လအတွင်း အပြီးသွင်းရမယ်ဆိုတဲ့ ပုံစံချိုးလာတယ်။ အိန္ဒိယအစိုးရက သူ့ပြည်တွင်းအခြေအနေကို သုံးသပ်ပြီး မူဝါဒကို အမျိုးမျိုး ပြောင်းနေပေမယ့် ကျွန်တော်တို့စိုက်ပျိုးတင်ပို့တဲ့ နိုင်ငံအတွက်တော့ နည်းနည်းအခက်အခဲဖြစ်တာတော့ အမှန်ပဲ။ ပိုနစ်နာတယ်။ အခွင့်အရေးက သူတို့လက်ထဲ ကိုင်ထားသလိုဖြစ်နေတာ''ဟု ၎င်းက ပြောသည်။

အိန္ဒိယအစိုးရက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်တွင် မတ်ပဲလိုအပ်ချက်ကြောင့် တန်ချိန် ၂ သိန်းခွဲ ထပ်မံဝယ်ယူခဲ့ပြီး တင်သွင်းခွင့်ကာလကိုလည်း ၎င်းတို့ လိုအပ်ချက်ကြောင့် တင်သွင်းမှု မပြည့်မချင်း အကြိမ်ကြိမ် သက်တမ်းတိုး ရွှေ့ဆိုင်းခဲ့သည်။ယင်းတင်သွင်းမှုသည် ဧပြီလကုန်က ပြီးစီးခဲ့သည်။ လက်ရှိတွင် ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မတ်ပဲတင်သွင်းရန် လိုင်စင်ချပေးခြင်း လုပ်ဆောင်ချိန်ပင်ရှိသေးပြီး ပြင်ဆင်သည့်အနေအထားသာရှိသေးသည့်အခြေအနေဖြစ်ရာ မြန်မာနိုင်မှ မတ်ပဲဝယ်ယူသည့်အဆင့် မရောက်သေးသဖြင့် တင်သွင်းခွင့်မှာ ၃ လသာကျန်ရှိသည့်အခြေအနေဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ အတွင်း မတ်ပဲလက်ကျန် အခြေအနေနှင့် မတ်ပဲထွက်ရှိချိန်ရာသီမှာ ၂၀၂၁ ခုနှစ် ၊မတ်လမှသာ ဖြစ်သည့်အတွက် သတ်မှတ် ခွဲတမ်းကို လာမည့်ဩဂုတ်လအတွင်း အပြီးတင်သွင်းနိုင်မည်မဟုတ်ကြောင်း မြန်မာနိုင်ငံပဲ နှမ်းစိုက်ပျိုးထုတ်လုပ်သူများ အသင်း အတွင်းရေးမှူးက ပြောသည်။ ''သူတို့သတ်မှတ်တဲ့ ဩဂုတ်လအတွင်း တန်ချိန် လေးသိန်းက မတင်သွင်းနိုင်ဘူး။ ၂၀၂၁ မတ်လကုန်အထိ ခွင့်ပြုမှသာ တင်သွင်းလို့ရမှာ။လက်ရှိပြည်တွင်း မတ်ပဲလက်ကျန်က တန်ချိန် အများဆုံးကျန်ရင် တန်ချိန် ၂ သိန်းခွဲလောက်ပဲ မှန်းတယ်''ဟု ၎င်းက ပြောသည်။ အိန္ဒိယအစိုးရ၏ မူဝါဒအမျိုးမျိုးပြောင်းလဲခြင်းကြောင့် မတ်ပဲတင်ပို့သော မြန်မာနိုင်ငံအတွက် မည်သည့်အကျိုးဆက်များဖြစ်လာနိုင်သည်ကို အချိန်ယူသုံးသပ်၍ လိုအပ်သည်များကို တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်းများ လုပ်ဆောင်သွားမည်ဟု မြန်မာနိုင်ငံပဲနှမ်းစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဆိုသည်။

မြန်မာနိုင်ငံသည် ပြည်ပသို့ မတ်ပဲတင်ပို့ရာတွင် ဈေးကွက်တစ်ခုတည်းရှိရာအိန္ဒိယကို မှီခိုအားထား၍ တင်ပို့နေခြင်း ဖြစ်ပြီး နှစ်စဉ် ပဲထွက်ရာသီချိန် ဖေဖော်ဝါရီမတ်လများတွင် ထွက်ရှိလာသော ပဲများကို ယခင်နှစ်လက်ကျန်ပမာဏနှင့်ပေါင်း၍ တင်ပို့နေခြင်းဖြစ်သည်။ ယခုအခါ အိန္ဒိယအစိုးရ၏ ယခုနှစ် မတ်ပဲတင်သွင်းခွင့်မူဝါဒအပြောင်းအလဲကြောင့် မြန်မာနိုင်ငံ အနေဖြင့် ၂၀၂၁ ပြည့်နှစ်မတ်လတွင်ထွက်ရှိမည့် မတ်ပဲရာသီပေါ်ချိန်နှင့် ပတ်သက်၍ အိန္ဒိယအစိုးရ၏ လာမည့် ဩဂုတ်လကုန် အထိ မူဝါဒအပြောင်းအလဲအပေါ် စောင့်ကြည့်ရမည်ဖြစ်သည်။အိန္ဒိယပြည်တွင်း ပဲထွက်နှုန်းကောင်း၍ ပြည်ပမှ တင်သွင်းမှုကို သက်တမ်းထပ်တိုးမပေးပါကမြန်မာနိုင်ငံသည် အောက်တိုဘာ၊နိုဝင်ဘာလမှသာ မတ်ပဲစိုက်ပျိုးမည်ဖြစ်ပြီး စိုက်ပျိုးမှုပမာဏကို လျှော့ချရန် ကြေညာမည် ဖြစ်ကာ တောင်သူများကို လိုအပ်သည့်အသိပေးခြင်းများ လုပ်ဆောင်သွားမည်ဟု မြန်မာနိုင်ငံပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သူများအသင်းက ဆိုသည်။ တစ်ဖက်တွင် အိန္ဒိယအစိုးရက ပဲတင်သွင်းခွင့်ကာလအချိန် ကျုံ့လိုက်သည့် အတွက် အိန္ဒိယတွင် လက်ရှိဖြစ်နေသော ပဲဈေးနှုန်းနှင့် မြန်မာပြည်၌ဖြစ်နေသော ပဲဈေးနှုန်းအပေါ်အပြောင်းအလဲ ကြီးမားစွာ မဖြစ်နိုင်ဘဲ ဝယ်ယူခြင်း၊တင်သွင်းခြင်း၊ ရောင်းချခြင်းလုပ်ငန်း စဉ်များမြန်ဆန်လာနိုင်သည်ဟု ဦးမင်းကိုဦးက သုံးသပ်သည်။ ''ဈေးနှုန်းအနေနဲ့ကြည့်ရင် အားလေးတစ်ခုတော့ဖြင့် ပိုရှိလာနိုင်တယ်။ ရောင်းဝယ်ဖောက်ကားမှုအားတော့ ပိုများလာမယ်။ ကိုဗစ်ကာလပဲဖြစ်ဖြစ် သူတို့(အိန္ဒိယကုန်သည်) တကယ်ရောင်းဝယ်မှု အားပိုတည် ဆောက်ရတော့မယ်။လိုင်စင်ရပြီဆိုရင် သူတို့ မြန်မြန်ဆန်ဆန်ဝယ်ရတော့မှာ။ အဲဒီလိုဝယ်ရတဲ့အတွက် နှစ်နိုင်ငံလုံးမှာ ဈေးနှုန်းအတက်အကျ သိပ်များမှာ မဟုတ်ဘူး''ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၏ မတ်ပဲစိုက်ပျိုးမှုသည် ယခင်က တစ်နှစ်လျှင် တန်ချိန် ၆ သိန်းကျော်ထွက်ရှိပြီး ယခုနောက်ပိုင်းတွင် တန်ချိန်လေးသိန်းဝန်းကျင်သာ ထွက်ရှိသည်။ ယင်းသည် ၂၀၁၇ ခုနှစ်မှစ၍ အိန္ဒိယအစိုးရ၏ ပဲတင်သွင်းခွင့်မူဝါဒ အပြောင်း အလဲကြောင့် မြန်မာက မတ်ပဲစိုက်ပျိုးမှုကို လျှော့ချ၍ ပဲတီစိမ်းကို အစားထိုးစိုက်ပျိုးခဲ့ခြင်းကြောင့် ဖြစ်သည်။ မြန်မာဘက်က တောင်းဆိုမှုများကို အိန္ဒိယဘက်က လိုက်လျောခြင်းများရှိခဲ့သော်လည်း မူဝါဒအပြောင်းအလဲမြန်ဆန်သည့်အတွက် မိမိနိုင်ငံက တင်ပို့သူများအတွက်လည်း သုံးသပ်ရန် ခက်ခဲနေသည်။

Source: https://myanmar.mmtimes.com/news/139533.html

## သစ်သီးဝလံနှင့် ရေထွက်ကုန်ကဲ့သို့ပျက်စီးလွယ်သည့်ကုန်များမြန်ဆန်စွာတင်ပို့ခွင့်ရရန် တရုတ်နှင့်တွေ့ဆုံဆွေးနွေး

ပျက်စီးပုပ်သိုးလွယ်သည့် ရေထွက်ကုန်နှင့် သစ်သီးဝလံများကို လွယ်ကူ မြန်ဆန်စွာတင်ပို့ခွင့်ရရှိရန် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်က တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်စီးပွားရေးဌာနသို့ မေလ ၂၀ ရက်က သွားရောက်ဆွေးနွေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ကူမင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်

က ယူနန်ပြည်နယ် စီးပွားရေးဌာနညွှန်ကြားရေးမှူးချုပ် Mr. Zhao Ruijun နှင့် တွေ့ဆုံခြင်းဖြစ်သည်။ တွေ့ဆုံရာတွင် COVID-19 ရောဂါဖြစ်ပွားနေစဉ်မြန်မာနိုင်ငံမှ တရုတ်သို့တင်ပို့သည့် သစ်သီးဝလံနှင့် ရေထွက်ပစ္စည်းများမှာ နှစ်နိုင်ငံနယ်စပ်ဂိတ် အဝင်၊ အထွက်ကန့်သတ်မှုကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နေရာ ယင်းကုန်တင်ယာဉ်များ အချိန်ကြန့်ကြာမှုမရှိစေဘဲ ဝင်၊ ထွက်ခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ "ဖရဲ၊ သခွားအပါအဝင် သရက်တို့ဆိုတာ ပုပ်သိုးကုန်တွေဖြစ်လို့ မြန်မြန်ပို့ မြန်မြန်ရောင်းနိုင်ရင် ပိုကောင်းတာပေါ့။ကြန့်ကြာနေရင် ဘာမှမကောင်းဘူး။ ကုန်စိမ်းတွေဆိုတော့ ရက်ကြာရင်မခံနိုင်တဲ့အခါ ပျက်စီးလေလွင့်မှုတွေများတယ်။နောက်ဆုံးတောင်သူတွေဘဲ နစ်နာဆုံးရှုံးရတာဆိုတော့ မြန်မြန်လုပ်နိုင်လေ ကောင်းလေဘဲ"ဟု မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေးစိုက်ပျိုးထုတ်လုပ်တင် ပို့ရောင်းချသူများ အသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောသည်။ လက်ရှိတွင်လည်း တရုတ်နိုင်ငံသို့ ဖရဲနှင့်သခွားများ ပုံမှန်တင်ပို့နေရပြီး အသီး အရည်အသွေးအလိုက် ဈေးနှုန်းရရှိနေကာတရုတ်နိုင်ငံတွင်လည်း ဖရဲပေါ်ချိန်ရောက်ရှိနေပြီဖြစ်သောကြောင့် မြန်မာဘက်မှ လျှော့ချဝယ်ယူလာကြောင်းသိရသည်။ "ဒီဘက်ပိုင်းမှာလည်း ရှမ်းမြောက်က ထွက်တဲ့အသီးလောက်ပဲရှိတော့တယ်။ တရုတ်ဘက်မှာလည်း အသီးတွေ ထွက်လာပြီဆိုတော့ မေလအကုန်လောက်ဆိုရင် ပို့စရာမလိုတော့ပါဘူး။ အရင်တင်ပို့ချိန်တုန်းကလည်း သခွားမွေးကတော့ အခြေအနေကောင်းခဲ့တယ်။ ဖရဲကလည်း အသင့်အတင့်ကောင်းခဲ့လို့ ဒီနှစ်မှတန်ချိန် တော်တော်လျော့မယ်ထင်တာ ထင်သလောက်မ လျော့ခဲ့ပါဘူး"ဟု ဦးနိုင်ဝင်းက ပြောသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တစ်နှစ်လျှင် ဖရဲတန်ချိန်ရှစ်သိန်းကျော် တင်ပို့ရပြီး သခွားမွေးတန်ချိန်တစ်သိန်းခွဲ တင်ပို့လေ့ရှိသည်။ ယခုနှစ်တွင် ဖရဲတန်ချိန်ငါးသိန်းကျော်နှင့် သခွားမွေးတန်ချိန် ၁၃၀၀၀၀ကျော် တင်ပို့ထားနိုင်ကြောင်း သိရသည်။ ပြည်တွင်းရေထွက်ကုန်များ တရုတ်နိုင်ငံသို့တင်ပို့ရာတွင်လည်း သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များဖြင့် နယ်စပ်နှင့် ရေလမ်းကြောင်းတို့မှ တင်ပို့နေရာ ပြည်တွင်း၌ အရည်အသွေး သတ်မှတ်ချက်များ အားနည်းမှုကြောင့် ပြည်ပနိုင်ငံများတွင် ကုန်များ သောင်တင်မှု ကြုံတွေ့ရလေ့ရှိသောကြောင့် လုပ်ငန်းရှင်များအနေဖြင့် နစ်နာမှုများရှိကြောင်း ရေထွက်ပို့ကုန်လုပ်ငန်းရှင်များကပြောသည်။ "တင်ပို့ရေးလုပ်ငန်းတွေမှာ သတ်မှတ်ချက်တွေပြည့်စုံပြီး ချောချောမွေ့မွေ့ တင်ပို့နိုင်ဖို့လိုအပ်တယ်။ ဒီဘက်ကပို့တာကိုလည်း ဟိုဘက်ကမငြင်းဆန်နိုင်တဲ့ အခြေအနေဖြစ်ရမယ်။ ကုန်သည်ကတော့ သူကုန်တွေလွယ်လင့် တကူရောက်ဖို့ အကောင်းဆုံးအခြေအနေတွေကို စဉ်းစားပြီး လုပ်မှာပဲ။ ကုန်သွယ်မှု ကိုကြပ်မတ်တဲ့အပိုင်းကို အစိုးရပိုင်းက ဆောင်ရွက်နေတာဖြစ်လို့ ဒီအချက်တွေလည်း အဆင်ပြေအောင်လုပ်ပေးဖို့ လိုအပ်တယ်။ နယ်စပ်ကုန်သွယ်ရေးပိုင်းမှာဆိုရင်လည်း ကုန်တွေကိုမြန်မြန်လွဲပြောင်းပေးဖို့လိုတယ်။ အချိန်ကြာရင် ပုပ်သိုးမှာပဲ။ ငြင်းပယ်ခံရရင် အခြေအနေက ပိုဆိုးနိုင်တယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ လမ်းခရီး မလုံခြုံမှုကြောင့် တင်ပို့ရေးလုပ်ငန်းများ ကြန့်ကြာခြင်း၊ ရောဂါဖြစ်ပွားမှုများကြောင့် တင်ပို့သည့်ဂိတ်များ ပိတ်ထားခြင်း၊ ဂိတ်များပြန်လည်ဖွင့်သော်လည်း အခက်အခဲများ ကြုံတွေ့ရသောကြောင့် သတင်းအချက်များကို လွယ်လင့်တကူသိရှိရန် လိုအပ်ကြောင်း ရေလုပ်ငန်းရှင်များက ပြောသည်။ ပြည်ပနိုင်ငံသို့ တင်ပို့သည့် ထုတ်ကုန် များအနက် သီးနှံနှင့်ရေထွက်ကုန် များမှာ ပျက်စီးလွယ်သောကြောင့် ၎င်းထုတ်ကုန်များအတွက် တိကျ သေသာသတင်းအချက်နှင့် မြန်ဆန်သည့် လုပ်ဆောင်ချက် များကို အလေးပေးလုပ်ဆောင်ရန် လိုအပ်ကြောင်း ပို့ကုန်လုပ်ငန်းရှင်များက ပြောသည်။



Source: http://htwettoe.com/article-details/education/9368540

## လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၈ သန်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၅၃၀ ခန့် ရရှိထားပြီး ပင်လယ်ရေကြောင်းမှ ၈၅ ရာခိုင်နှုန်းကျော်အထိ အများဆုံးတင်ပို့ထား

လက်ရှိဘဏ္ဍာနှစ် ခုနစ်လကျော်တွင် ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၈ သန်းတင်ပို့မှုမှ ဒေါ်လာသန်း ၅၃၀ ခန့်ရရှိထားပြီး ပင်လယ်ရေကြောင်းမှ ၈၅ ရာခိုင်နှုန်းကျော်အထိ အများဆုံးတင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်ကို ကိုးကားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၈ ရက်အထိ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၈၁၁ သန်းတင်ပို့ထားပြီး ဝင်ငွေဒေါ်လာ ၅၂၇ ဒသမ ၈၆၆ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ တဆင့် တင်ပို့နေခြင်းဖြစ်သည်။ အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၅၅၀ သန်း တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၄၅၆ ဒသမ၂၇၄ သန်း ရရှိထားသည်။ ယင်းပမာဏသည် စုစုပေါင်း တင်ပို့မှု၏ ၈၅ ဒသမ ၆၀ ရာခိုင်နှုန်းအထိ ရှိသည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်နှင့် ဆန်ကွဲတန်ချိန် နှစ်သိန်းခြောက်သောင်းကျော် တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၇၁

ဒသမ ၅၉၂ သန်း ရရှိထားသည်။ ယင်းပမာဏသည် စုစုပေါင်းတင်ပို့မှု၏ ၁၄ ဒသမ ၄၀ ရာခိုင်နှုန်း ရှိသည်။ မြန်မာနိုင်ငံမှ ဆန်များရောင်းချပေးရန် တချို့နိုင်ငံများက ကမ်းလှမ်းမှုများရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။ မေလ ၁၃ ရက်က ပြုလုပ်သည့် ဆန်နှင့် ပဲမျိုးစုံ ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စိုက်ပျိုးရေးရာသီအမီသွင်းအားစုခတ်မြေသြဇာ ပိုးသတ်ဆေးများလွယ်ကူလျှင်မြန်စွာတင်သွင်းနိုင်ရေးညှိနှိုင်းအစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။



COVID-19 Pandemic ကာလအတွင်း ဆန်နှင့် ဆန်ကွဲ ပို့ကုန်လိုင်စင်အတွက် လစဉ် ပင်လယ်ရေကြောင်းမှ တန်ချိန် တစ်သိန်းနှင့် နယ်စပ်လမ်းကြောင်းမှ တန်ချိန် ငါးသောင်း စုစုပေါင်းတန်ချိန် တစ်သိန်းခွဲအထိ ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဧပြီ ၂၄ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ လက်ရှိ မေလအတွင်း ပြည်ပတင်ပို့မည့် ဆန်နှင့် ဆန်ကွဲတန်ချိန် တစ်သိန်းခွဲအား ပင်လယ်ရေကြောင်းမှ ကုမ္ပဏီ ၁၁၂ ခုနှင့် နယ်စပ်လမ်းကြောင်းမှ ကုမ္ပဏီ ၂၀၀ ခန့် စုစုပေါင်းကုမ္ပဏီ ၃၀၀ ကျော်တို့က သတ်မှတ်ခွဲဝေထားသော ပမာဏအတိုင်း တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ထုတ်ပြန်ထားသည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် နှစ်သန်းခွဲခန့်အထိ တင်ပို့နိုင်မည့်အခြေအနေရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားထားသည်။ "တစ်နှစ်ကို ဆန်တန်ချိန် နှစ်သန်းအထက် တင်ပို့နိုင်ခဲ့ပြီး ဒီနှစ်မှာ ၂ ဒသမ ၅ သန်းလောက်အထိ တင်ပို့နိုင်မယ့်အနေအထားဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ လက်ရှိ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်သည် လာမည့် စက်တင်ဘာလတွင် ကုန်ဆုံးမည်ဖြစ်သည်။ ထို့ကြောင့် ဘဏ္ဍာနှစ်ကုန်ဆုံးရန် လေးလကျော် ကျန်ရှိနေသေးသည်။

Source: https://news-eleven.com/article/175587

## မြန်မာငှက်ပျော ဆာဘီးယားမှ ဝယ်ရန် ကမ်းလှမ်း

ဥရောပနိုင်ငံဖြစ်သော ဆားဘီးယားကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (Chamber of Commerce and Industry of Republic of Serbia) က မြန်မာနိုင်ငံမှထွက်ရှိသော ငှက်ပျောသီးများ ဝယ်ယူတင်သွင်းရန် အစိုးရသို့ ကမ်းလှမ်းလာကြောင်းသိရသည်။

မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (MITC) ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက "ကျနော်တို့ဆီက အခြေအနေလာကြည့်ပြီးတော့ အဆင်ပြေရင် တောက်လျှောက်ဝယ်မှာ ဖြစ်တယ်။ မြန်မာပြည်ဘက်က လေကြောင်းလိုင်းတွေ စဖွင့်တာနဲ့ သူတို့ အမြန်ဆုံးလာမယ်။ ကွန်တိန်နာနဲ့ တစ်ရက်ကို အစီး ၄၀ လောက်အထိ လိုချင်တာဖြစ်တယ်။ လိုချင်တာက သီးမွှေးငှက်ပျောမျိုး (Cavendish Green) အမျိုးအစား ဖြစ်တယ်"ဟု ရော့ဝတီသို့ ပြောသည်။

ဆားဘီးယားနိုင်ငံသည် မြန်မာနိုင်ငံမှ ငှက်ပျောသီးကို အနည်းဆုံး ၃ နှစ်မှ ၅ နှစ်အထိ နှစ်ရှည်ဝယ်ယူတင်သွင်းလိုကြောင်း၊ ဈေးနှုန်းနှင့် အရည်အသွေး စိတ်ချရမှု အပေါ် မူတည်၍ ၁ လလျှင် ပေ ၄၀ အရှည်ရှိသော ကွန်တိန်နာ အလုံး ၁၂၀ မှ အလုံး ၅၀၀၀ အထိ ဝယ်ယူလိုကြောင်း ဆားဘီးယားနိုင်ငံ မြန်မာသံရုံးမှတဆင့် ကမ်းလှမ်းလာခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ တင်သွင်းရာတွင် ဥရောပသမဂ္ဂ၏ ငှက်ပျောတင်သွင်းမှု ဥပဒေသည် အလွန်တင်းကျပ်သောကြောင့် အရည်အသွေးနှင့် ထုပ်ပိုးမှုအတွက် မြန်မာဘက်မှ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ တာဝန်ရှိသူများကညှိနှိုင်းအကြံပေးရန် အစီစဉ်များပြုလုပ်မည်ဖြစ်ကြောင်း မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဗဟိုဌာန (Myanmar International Trade Center- MITC) ဝက်ဘ်ဆိုဒ်တွင် တရားဝင်ရေးသားထားသည်။ "သူက ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံထဲမှာပါတယ်။ ဒါကြောင့် သူတို့ရဲ့အရည်အသွေး သတ်မှတ်ချက်ပြည့်မီအောင်တော့ တင်ပို့မယ် ဆိုရင်လုပ်ပေးရမယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံထဲမှာပါတဲ့ အတွက် မြန်မာကိုပေးထားတဲ့ တရားဝင် အခွန်သက်သာခွင့်ရမယ်။ မြန်မာအစိုးရကို ဘာပေးထားလဲဆိုတော့ EPM ဆိုတဲ့ အခွန်နဲ့ ပတ်သက်ပြီး သက်သာခွင့်အမြင့်ဆုံးပဲ။ တင်ပို့ခွင့်က အကန့်အသတ်လည်း မရှိဘူး" မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (MITC) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သက်လွင်ဦးက ရော့ဝတီသို့ ပြောသည်။ ဥရောပသမဂ္ဂ (EU)တွင် အဖွဲ့ဝင် ၂၈ နိုင်ငံရှိသော်လည်း ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက် နေ့က ဗြိတိန်နိုင်ငံက တရားဝင် နှုတ်ထွက်သည့်အတွက် ၂၇ နိုင်ငံသာကျန်တော့သည်။ ဆာဘီးယားသည် ယူဂိုဆလားဗီးယားနိုင်ငံ ပြိုကွဲပြီးနောက် ထွက်ပေါ်လာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး EU အဖွဲ့ဝင်ဖြစ်ကြောင်း EU၏ ဝက်ဘ်ဆိုဒ် (europa.eu)တွင် တရားဝင် ကြေညာထားခြင်း မရှိသေးပေ။



လက်ရှိ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ငှက်ပျောမျိုးမှာ ကချင်ပြည်နယ် မြစ်ကြီးနား ဒေသဘက်တွင် စိုက်ပျိုးနေသော ဘရာဇီးတစ်ရှူး ငှက်ပျောအမျိုးအစားဖြစ်ပြီး၊ ယခု ဆာဗီးယားမှ ကမ်းလှမ်းသည်ဆိုသော ငှက်ပျောမျိုးမှာ မလေးရှားနှင့် ကိုရီးယားနိုင်ငံများသို့ တင်ပို့နေသည့် Cavendish Green အမျိုးအစားဖြစ်သည်။ အဆိုပါ ငှက်ပျော (Cavendish Green) အမျိုးအစားသည် ဧရာဝတီတိုင်းတွင် အများဆုံး စိုက်ပျိုးသဖြင့် ယခုထက်ပို၍ တိုးချဲ့စိုက်ပျိုးနိုင်လျှင် တင်ပို့နိုင်မည်ဟု ဒေါက်တာ သက်လွင်ဦးက ပြောသည်။ "သူတို့ သတ်မှတ်တဲ့ အရည်အသွေးတော့ မီအောင် လုပ်ရမယ်။ ဒါကြောင့် ကျနော်တို့က အသင်းအဖွဲ့တွေရော၊ အစိုးရပိုင်းဆိုင်ရာရော တခါတည်း ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးမယ်။ အရည်အသွေးကို မထိန်းနိုင်ရင် တခါတည်းနဲ့ဈေးကွက်ကပျက်သွားမှာ ဖြစ်တယ်။ အဲဒီတော့ကိုယ့်ဘက်ကထိန်းပေးရမှာ"ဟု ၎င်းက ဆိုသည်။ ကမ်းလှမ်းလာသော ငှက်ပျောမျိုးသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသောမျိုးရင်းဖြစ်ပြီး အရည်အသွေးလည်း ပြည့်မီကြောင်း ယခုကဲ့သို့ ဥရောပက ကမ်းလှမ်းလာခြင်းသည်လည်း ပထမဆုံးအကြိမ် ဖြစ်သည်ဟု ဒေါက်တာသက်လွင်ဦးက ပြောသည်။ ဆားဗီးယားနိုင်ငံသို့ မြန်မာ့ ငှက်ပျောသီးတင်ပို့ရာတွင် မြန်မာနှင့်အပြိုင် တင်ပို့မည့် ဥရောပမှ နိုင်ငံ တစ်နိုင်ငံနှင့် အာရှမှ နိုင်ငံတခုရှိသဖြင့် မြန်မာနိုင်ငံအနေနှင့် Quotation ကို အမြန်ဆုံးပေးပို့ စေချင်ကြောင်း ဆန္ဒရှိသည်ဟု ဆားဗီးယား နိုင်ငံက မေလ ၂၁ ရက်က ပြုလုပ်သော နှစ်ဖက် ငှက်ပျောဝယ်ယူရေး ဆွေးနွေးသည့်အစည်းဝေး၌ ပြောသည်။ ထို့ကြောင့် ဥရောပ ဈေးကွက်ရရှိရန် အတွက် မြန်မာနိုင်ငံအနေနှင့် အစိုးရ၊ စီးပွားရေး လုပ်ငန်းရှင် တောင်သူ ပူးပေါင်း၍ အခြားနိုင်ငံများနှင့် အပြိုင် ဈေးကွက်ရရှိ ရေး ကြိုးစားရမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငှက်ပျောအစုအဖွဲ့အသင်း ဥက္ကဋ္ဌ ဦးမန်းအောင်သောင်းက "ကျနော်တို့က နိုင်ငံတကာနဲ့ တခါမှ မလုပ်ဖူးတော့ သိပ်တော့ မပြောတတ်ဘူး။ ကျနော်တို့ ဒေသမှာ ကိုရီးယားကို တင်ပို့တာတော့ ရှိတယ်။ ပန်းတနော်ဘက်မှာ ဧက ၅၀၀ လောက်ကနေ အခုတော့ လုပ်ရင်းနဲ့ ဧက ၄၀ လောက်ပဲ ကျန်တော့တာ ရှိတယ်။ ဒါကို ဒီက လူကြီးတွေနဲ့ တစ်ချက် သွားပြီး လေ့လာမယ်။ အကြောင်းညီညွတ်လို့ ဆက်လုပ်လို့ရရင် ကျနော်တို့က လုပ်ပြီးတော့ အခု ဥရောပကို တင်ပို့မယ်ပေါ့"ဟု ဧရာဝတီသို့ ပြောသည်။ ဆက်လက်၍ ၎င်းက "ကျနော်တို့မှာ နည်းပညာလည်း လိုတယ်။ ငွေကြေးအရင်းအနှီးလည်း လိုတယ်။ တကယ် တင်ပို့မယ်ဆိုရင် အစိုးရရဲ့ ကူညီပံ့ပိုးမှု အများကြီးလိုတယ်။ ဈေးကွက်ခိုင်မာရင် ကျနော်တို့က လုပ်ချင်တယ်။ သူတို့ လိုချင်တဲ့ ငှက်ပျောမျိုးကလည်း စိုက်ပျိုးရတာ လွယ်တယ်"ဟု ရှင်းပြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အရောင်းအဝယ်ပိုင်းကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မည့်အပိုင်းတွင် အသင်းဘက်မှ တောင်သူများနှင့် ပူးပေါင်းပြီး လုပ်ဆောင်ရမည်ဖြစ်ကြောင်း အစည်းအဝေးတွင် ပါဝင်ခဲ့သူလည်းဖြစ်သည့် ဦးမန်းအောင်သောင်းက ပြောသည်။

Source: https://burma.irrawaddy.com/news/2020/05/22/223184.html

## အထူးဆောင်းပါးများ

### အော်ဂဲနစ်စိုက်ပျိုးရေးအတွက် မိတ်ဖက်စိုက်ပျိုးရေးစနစ်

ရာသီဥတုပြောင်းလဲလာမှုရဲ့ အကျိုးဆက်များကို ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပုံစံအမျိုးမျိုးနဲ့ တွေ့ကြုံခံစားနေကြရပါပြီ။ မြန်မာနိုင်ငံဟာလည်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို များစွာခံစားနေရတဲ့ နိုင်ငံဖြစ်ကာ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းမုန်တိုင်းများ ကျရောက်ခြင်း၊ မြေပြိုခြင်းများကို နှစ်စဉ်လိုလိုပင် ကြုံတွေ့လာနေရတာကို တွေ့ရပါတယ်။ ရာသီဥတု ပြောင်းလဲမှုရဲ့ ရိုက်ခတ်မှုကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွေမှာ ခံစားရမှုပိုများလာနေကြောင်း တွေ့ရပါတယ်။ သို့အတွက် ပြောင်းလဲနေတဲ့ ရာသီဥတုနဲ့အညီ လိုက်လျောညီထွေရှိစေနိုင်တဲ့ နည်းပညာများ၊ နည်းစနစ်များကို စမ်းသပ်လေ့လာကာ ပြောင်းလဲအသုံးပြုလာနေကြပါတယ်။ တစ်ပြိုင်နက်တည်းမှာပင် နှစ်စဉ်တိုးတက်လာနေတဲ့ ကမ္ဘာ့လူဦးရေအတွက် လိုအပ်တဲ့ စားနပ်ရိက္ခာများကို ဖူလုံစွာထုတ်လုပ်ပေးရေးနဲ့အတူ စားသုံးသူများအန္တရာယ်ကင်းစေရေးကိုလည်း စဉ်းစားဆောင်ရွက်ကြရပါတယ်။ စက်မှုတော်လှန်ရေးကာလမှစတင်ကာ သီးနှံတစ်မျိုးကို တစ်ကွင်းတစ်စပ်တည်း ကျယ်ပြန့်စွာစိုက်ပျိုးတဲ့ စက်မှုစိုက်ပျိုးရေးစနစ်ကို အသုံးပြုစိုက်ပျိုး လာခဲ့ကြပါတယ်။ သို့အတွက် ဇီဝ သို့မဟုတ် အဇီဝဖိစီးမှု တစ်ခုခုနဲ့ကြုံတွေ့ရတဲ့ အခါ စိုက်ခင်းအားလုံး ပျက်စီးဆုံးရှုံးစေနိုင်တာကို တွေ့ရပါတယ်။



ယခုအခါ လေထုတွင်း မှန်လုံအိမ်ဓာတ်ငွေ့များ တိုးတက်များပြားလာမှုကြောင့် အပူချိန်မြင့်တက်လာနေပြီး ကမ္ဘာကြီးပိုမိုပူနွေးလာနေပါတယ်။ သို့အတွက် ရာသီဥတုဟာလည်း ပြောင်းလဲနေကာ ဒေသအလိုက် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေပျိုခြင်း၊ မုန်တိုင်းများ ကျရောက်ခြင်းစတဲ့ သဘာဝအဇီဝ ဘေးအန္တရာယ်များနဲ့ ပိုးနဲ့ရောဂါများကျရောက်ဖျက်ဆီးမှုစတဲ့ ဇီဝဖိစီးမှုများကြောင့် ဖြစ်ပေါ်ရတဲ့ အန္တရာယ်များလည်း နှစ်စဉ်တိုးတက်ဖြစ်ပေါ်နေပြီး သီးနှံများပျက်စီးဆုံးရှုံး ရမှုများကို

ကြုံတွေ့နေကြရပါတယ်။ တိုးတက်လာနေတဲ့ ကမ္ဘာ့လူဦးရေဝအတွက် စားနပ်ရိက္ခာဖူလုံရေးနဲ့ အစားအစာများ လုံခြုံစိတ်ချစေရေးတို့ကိုပါ ပူးတွဲစဉ်းစားလာကြရတဲ့အခါ အစားအစာများကို သမားရိုးကျစိုက်ပျိုးထုတ်လုပ်နေကြရာမှ အော်ဂဲနစ်စနစ်နဲ့ ပိုမိုစိုက်ပျိုးထုတ်လုပ်စားသုံးကြရေးကိုလည်း အဆိုပြုစည်းရုံး ဆောင်ရွက်လာနေကြတာကို တွေ့ရပါတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့ လိုက်လျောညီထွေရှိစေမယ့် စိုက်ပျိုးနည်းစနစ် များထဲမှာ သီးနှံနှစ်မျိုး သို့မဟုတ် သုံးမျိုးကို အတူတွဲဖက်စိုက်ပျိုးပေးတဲ့ သီးညှပ်စိုက်ခြင်း၊ သို့မဟုတ် သီးရောစိုက်ခြင်း လို့လည်းခေါ်ကြတဲ့ “ မိတ်ဖက်စိုက်ပျိုးရေးစနစ်” (Companion farming system) လည်း တစ်ခုပါဝင်ပါတယ်။ မြေကွက် တစ်ခုပေါ်မှာ သီးနှံတစ်မျိုးတည်းမကဘဲ တခြားသင့်တော်ရာသီးနှံများကို တွဲဖက်စိုက်ပျိုးထားသော် ရာသီဥတုဖောက်ပြန်မှု ကြောင့်ဖြစ်စေ၊ တခြားဘေးအန္တရာယ် ကျရောက်ခြင်းကြောင့်ဖြစ်စေ သီးနှံတစ်ခု ပျက်စီးဆုံးရှုံးသွားတဲ့တိုင် ကျန်တဲ့သီးနှံများမှ ထိုက်သင့်တဲ့သီးထွက်ရရှိစေကာ တောင်သူများအတွက် ဆုံးရှုံးမှုလျော့နည်းသက်သာမိစေနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း လုပ်ကွက်ငယ်တောင်သူများနဲ့ အပူပိုင်းမိုးနည်းရေရှားဒေသက တောင်သူများမြေကွက်တစ်ခုပေါ်မှာ သီးနှံနှစ်မျိုး သို့မဟုတ် သုံးမျိုးကို အတူတွဲဖက်စိုက်ပျိုးနည်းစနစ်ကို ရှေးကာလကတည်းကပင် ကျင့်သုံးဆောင်ရွက်နေခဲ့ကြတာကို တွေ့ရပါတယ်။ ဒီအကြောင်းကို “ မိတ်ဖက်အပင် ညီအစ်မသုံးဖော်” ဆောင်းပါးမှာ ရေးသားဖော်ပြပြီးဖြစ်ပါတယ်။ ယခုဖော်ပြ လိုတာက “ အော်ဂဲနစ်စနစ် စိုက်ပျိုးရေးအတွက် အရေးပါလာမယ့် မိတ်ဖက်စိုက်ပျိုးရေး” ဖြစ်ပါတယ်။ အပင်မျိုးစိတ်တချို့ဟာ အနီးပတ်ဝန်းကျင်မှာ စိုက်ပျိုးထားတဲ့ တခြားမျိုးစိတ်အပင်ကို အကျိုးပြုပေးနိုင်ကြပါတယ်။ ဒီအကျိုးသက်ရောက်မှုကို မိတ်ဖက်စိုက်ပျိုးနည်းမှာ အသုံးချနိုင်စေတာဖြစ်ပါတယ်။ အော်ဂဲနစ်စိုက်ပျိုးရေးမှာ စိုက်ပျိုးတဲ့မြေရဲ့ မြေဆီသြဇာထက်သန် လာစေနိုင်မှုကို အားပြုစိုက်ပျိုးကြရသကဲ့သို့ စိုက်ပျိုးတဲ့သီးနှံများကို ဇီဝဖိစီးမှုများဖြစ်ကြတဲ့ အင်းဆက်ပိုးများနဲ့ ရောဂါကျရောက်မှုမှသက်သာစေနိုင်ဖို့လည်း သီးနှံအလိုက် သင့်တော်ကိုက်ညီတဲ့ စိုက်ပျိုးနည်းစနစ်များကို အသုံးပြု ကြရမှာဖြစ်ပါတယ်။ ဖိတ်ဖက်စိုက်ပျိုးနည်းစနစ်မှာ အတူတွဲဖက်စိုက်ပျိုးတဲ့ အပင်အချင်းချင်း အပြန်အလှန်အကျိုးပြုစေ နိုင်သကဲ့သို့ အပင်မျိုးစိတ်တစ်မျိုးမှ တခြားမျိုးစိတ်ကို အကျိုးပြုစေမှုများလည်း ရှိပါတယ်။ ဒါကြောင့်အော်ဂဲနစ်စိုက်ပျိုးရေးမှာသီးနှံတစ်မျိုးတည်းကိုစိုက်ပျိုးမှုမပြုကြဘဲအဓိကစိုက်ပျိုးတဲ့သီးနှံနဲ့ လိုက်လျောညီထွေရှိစေကာ တစ်နည်းနည်းနဲ့ အကျိုးဖြစ်စေနိုင်မယ့်အပင်မျိုးများနဲ့ မိတ်ဖက်အဖြစ်စိုက်ပျိုးကြရမှာဖြစ်ပါတယ်။ ခရမ်းချဉ်ကို အဓိကထားစိုက်ပျိုးသော် မိတ်ဖက်အဖြစ် စိုက်ပျိုးနိုင်တဲ့အပင်များမှာ ပင်စိမ်းပင်၊ စမြိတ်ပင်၊ တရုတ်နံနံ၊ ကြက်သွန်နီ၊ ကွဲဆိုင်(တရုတ်ကြက်သွန်မွှေး)၊ ကညွတ်၊ ချစ်တီးပန်းနဲ့ ခါကျက်ဥတို့ဖြစ်ပါတယ်။ မိတ်ဖက်စိုက်ပျိုးထားတဲ့ အပင်များဟာ ခရမ်းချဉ်ပင်ကြီးထွားမှုကို တိုးတက်ကောင်းမွန်စေနိုင်ပါတယ်။ ခရမ်းချဉ်ပင်နဲ့ ပင်စိမ်းပင်ကို တွဲဖက်စိုက်ခြင်းဖြင့် ယင်နဲ့ခြင်များကို နှင်ထုတ်ပေးနိုင်ကာ ခရမ်းချဉ်ပင် ကြီးထွားမှုနဲ့ အနံ့၊ အရသာကို တိုးတက်ကောင်းမွန်စေနိုင်တယ်လို့ ဆိုပါတယ်။ စမြိတ်ပင်နဲ့တွဲဖက်စိုက်သော် စမြိတ်ပင်ငယ်စဉ်မှာ ခရမ်းချဉ်ပင်ကြီးထွားမှုကိုကူညီအားပေးသော်လည်း စမြိတ်ပင်အရွယ်ရောက်လာသော် ခရမ်းချဉ်ပင်ကြီးထွားမှုကို ဟန့်တားစေပါတယ်။ ခရမ်းချဉ်ပင်နဲ့ ဂေါ်ဖီထုပ်ပင်ကို အတူတွဲဖက်စိုက်ပျိုးရန် မသင့်သော်လည်းသီးခြားစိုက်ခင်းဖြင့်ယှဉ်ပြီးစိုက်ပျိုးထားသော် ဂေါ်ဖီထုပ်မှာဖျက်ဆီးမှုများစေတဲ့ စိန်ကွက်ဖလံပိုးလောက်ကောင်များကို ခရမ်းချဉ်ပင်က နှင်ထုတ်ပေး နိုင်ကြောင်း တွေ့ရပါတယ်။ အော်ဂဲနစ်စနစ်စိုက်ပျိုးရေးမှာ စမ်းသပ်စိုက်ပျိုးသင့်ပါတယ်။ ချစ်တီးပန်းပင်ကို ခရမ်းချဉ်စိုက်ခင်း၊ စိုက်ဘောင်နှင့် ယှဉ်စိုက်သော် ခရမ်းချဉ်မှာ ကျရောက်နိုင်တဲ့ တီပိုးကို ကာကွယ်ပေးစေနိုင်ပါတယ်။ ခရမ်းချဉ်နဲ့ ပြောင်းဖူးပင်ကို တွဲဖက်စိုက်သော ကျရောက်နိုင်တဲ့ အင်းဆက်ပိုးများတူညီနိုင်ကာ ပျက်စီးမှုများပြားစေနိုင်ပါတယ်။ ဂေါ်ဖီထုပ်မျိုးစိတ် အောက်မှာရှိကြတဲ့ ပန်းမုန်လာ၊ ဘရိုခိုလီ၊ တရုတ်မုန်ညင်း၊ ကိုက်လန်၊ နိုကိုဥ စတဲ့ အပင်များနဲ့ မိတ်ဖက်စိုက်ပျိုးသင့်တဲ့ အပင်များမှာ သကြားမုန်လာ၊ သခွား၊ ဆလတ်၊ ကြက်သွန်နီ၊ အာလူးနဲ့ စပီးနပ် (အနောက်တိုင်းဟင်းနုနယ်) စတဲ့အပင်များ ဖြစ်ပါတယ်။ စမြိတ်ပင်ဟ ဂေါ်ဖီထုပ်အုပ်စုဝင် အပင်မျိုးများနဲ့ မိတ်ဖက်ကောင်းပါတယ်။ ဂေါ်ဖီထုပ်က စမြိတ်ပင်ကို ထောက်ကန် ပေးစေပြီး စမြိတ်ပင်က ဂေါ်ဖီထုပ်အုပ်စုပင်များမှာ ကျရောက် ဖျက်ဆီးတဲ့ အင်းဆက်ပိုးများကို နှိမ်နင်းပေးမယ့် မိတ်ဆွေပိုးများ လာစေရန် ဆွဲဆောင်ပေးပါတယ်။ နိုကိုဥကို ခရမ်းချဉ်ပင်နဲ့ တွဲဖက်စိုက်သော် အချင်းချင်းတစ်ပင်ရဲ့ကြီးထွားမှုကို တစ်ပင်ကဟန့်တားစေပါတယ်။ ပဲမျိုးများနဲ့ မိတ်ဖက်စိုက်ပျိုးသင့်တဲ့အပင်များမှာ ဂေါ်ဖီထုပ်မျိုးရင်းဝင်အပင်များ၊ သကြား မုန်လာ (နွယ်မဲ့ပဲမျိုးများနှင့်သာ) ပြောင်းဖူး၊ တရုတ်နံနံ၊ ခါကျက်ဥ၊ သခွား၊ ခရမ်း၊ အာလူး၊ မုန်လာဥနဲ့ စတော်ဘယ်ရီ တို့ဖြစ်ကြပါတယ်။ ချစ်တီးပန်းနဲ့ မိတ်ဖက်စိုက်သော် မက္ကဆီကိုကျိုင်း ကျရောက်မှုကို ဟန့်တားပေးစေနိုင်ပါတယ်။ သို့သော် ပဲမျိုးများနဲ့ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့ကို တွဲဖက်စိုက်ပျိုးသော် ပဲပင်များကြီးထွားမှုကို ဟန့်တားစေပါတယ်။ ပြောင်းဖူးနဲ့ မိတ်ဖက်စိုက်ပျိုးသင့်တဲ့ အပင်များမှာ ပဲမျိုးများ သခွား၊ ဆလတ်၊ နေကြာ၊ သခွားမွှေး၊ အာလူး၊ ရွှေဖရုံ တို့ဖြစ်ပါတယ်။ ခရမ်းချဉ်နဲ့တော့ ဒီအပင်တွေ မိတ်ဖက်အဖြစ် မစိုက်သင့်ပါ။ သခွားနဲ့ မိတ်ဖက်အဖြစ် စိုက်ပျိုးသင့်တဲ့ အပင်းမျိုးများမှာ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ပြောင်းဖူး၊ ဆလတ်၊ မုန်လာဥ၊ နေကြာနဲ့ ပဲလုံးပဲပြားမျိုးများဖြစ်ပါတယ်။ သခွားနဲ့အာလူး၊ သခွားမွှေးနဲ့ ဟင်းခတ်အမွှေးအကြိုင်ပင်များကို မိတ်ဖက်အဖြစ် မစိုက်သင့်ပါ။ ဆလတ်နဲ့ မိတ်ဖက်စိုက်ပျိုးသင့်တဲ့အပင်များမှာ ကညွတ်၊ သကြားမုန်လာ၊ ဂေါ်ဖီထုပ်၊ ခါကျက်ဥ၊ ပြောင်းဖူး၊ သခွား၊ ခရမ်း၊ ကြက်သွန်နီ၊

ရွှေပဲ၊ အာလူး၊ မုန်လာဥ၊ စတော်ဘယ်ရီ၊ ခရမ်းချဉ်နဲ့ နေကြာပင်တို့ဖြစ်ပါတယ်။ ဘရိုခိုလီပင်နဲ့မူ မိတ်ဖက် အဖြစ်မစိုက်သင့်ပါ။ ကြက်သွန်ဖြူနဲ့ ကွီဆိုင်ပင်တို့နဲ့ မိတ်ဖက်အဖြစ်စိုက်ပျိုးသော် ပျကျရောက်မှုကို ဟန့်တားပေးစေနိုင်ပါတယ်။ ကြက်သွန်နီနဲ့ မိတ်ဖက်စိုက်ပျိုးသင့်တဲ့ အပင်များ မှာ ဂေါ်ဖီထုပ်၊ ဘရိုခိုလီ၊ ခါကျက်ဥ၊ ဆလတ်၊ ခရမ်းချဉ်၊ ငရုတ်ချို၊ စတော်ဘယ်ရီ၊ အာလူးနဲ့ သကြားမုန်လာတို့ဖြစ်ပါတယ်။ ပဲမျိုးများနဲ့မူ မိတ်ဖက်အဖြစ်စိုက်ပျိုးပါက ကြက်သွန်နီပင်ကြီးထွားမှု ညံ့ဖျင်းသွားစေကြောင်း သိရပါတယ်။

ငရုတ်နဲ့ မိတ်ဖက်စိုက်ပျိုးနိုင်တဲ့အပင်များမှာ ခရမ်းချဉ်၊ ပင်စိမ်း၊ မြန်မာနံနံ၊ ခရမ်း၊ ကြက်သွန်နီနဲ့ ခါကျက်ဥ တို့ဖြစ်ပါတယ်။ နိုကိုဥပင်များနဲ့ ပဲမျိုးများကို ငရုတ်နဲ့မိတ်ဖက်မစိုက်သင့်ပါ။ အာလူးနဲ့မိတ်ဖက်အဖြစ် စိုက်ပျိုးသင့်တဲ့ အပင်များ မှာဂေါ်ဖီထုပ်မျိုးစိတ်ဝင်အပင်များ၊ ပြောင်းဖူး၊ ခရမ်းနဲ့ ပဲမျိုးစုံတို့ဖြစ်ပါတယ်။ ချစ်တီးပန်းနဲ့ တွဲဖက်စိုက်သော် ကျိုင်းကောင်များမကျရောက်စေရန် ဟန့်တားပေးနိုင်စေပါတယ်။ အာလူးနဲ့ ခရမ်းချဉ်ပင်တို့မှာကျရောက်တဲ့ ရွက်ခြောက်ရောဂါဟာ တူညီတဲ့အတွက် လုံးဝအတူမစိုက်သင့်ပါ။ မုန်လာဥနဲ့ မိတ်ဖက်စိုက်ပျိုးနိုင်တဲ့အပင်များမှာ ကြက်သွန်နီ၊ ခါကျက်ဥ၊ သခွား၊ ဆလတ်၊ ပင်စိမ်း၊ သခွားမွှေး၊ ရွှေပဲ၊ မြန်မာနံနံနဲ့ ခရမ်းချဉ်တို့ဖြစ်ပါတယ်။ နိုကိုဥနဲ့ တွဲဖက်မစိုက်သင့်ပါ။

သခွားမွှေးနဲ့ မိတ်ဖက်စိုက်ပျိုးသင့်တဲ့အပင်များမှာ ပြောင်းဖူး၊ ရွှေဖရုံနဲ့ မုန်လာဥတို့ဖြစ်ပါတယ်။ စတော်ဘယ်ရီနဲ့ မိတ်ဖက်စိုက်ပျိုးနိုင်တဲ့အပင်များမှာ ဆလတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ ပဲမျိုးများဖြစ်ပါတယ်။ ဂေါ်ဖီထုပ်နဲ့မူ တွဲဖက်မစိုက်ပျိုးသင့်ပါ။ ခါကျက်ဥနဲ့ မိတ်ဖက်စိုက်ပျိုးသင့်တဲ့အပင်များမှာ ဆလတ်၊ ကြက်သွန်နီ၊ မုန်လာဥ၊ ငရုတ်၊ ခရမ်းချဉ်နဲ့ ပဲမျိုးများဖြစ်ပါတယ်။ ကွီဆိုင်( တရုတ်ကြက်သွန်မွှေး)နဲ့ မိတ်ဖက်အဖြစ် စိုက်ပျိုးပါက ခါကျက်ဥပင်ကြီးထွားမှုကောင်းစေကာ အနံ့၊ အရသာပါ ပိုမိုကောင်းမွန်လာစေနိုင်ပါတယ်။ သို့သော် စမြိတ်ပင်နဲ့ တွဲဖက်စိုက်ပျိုးပါက ခါကျက်ဥပင်ကြီးထွားမှု ညံ့ဖျင်းစေပါတယ်။

အပင်တစ်မျိုးနဲ့တစ်မျိုးအတူ ယှဉ်တွဲစိုက်ပျိုးထားခြင်းဖြင့် တစ်ပင်မှ တစ်ပင်ကို အကျိုးပြုစေနိုင်မှုများကိုလည်း တွေ့ရပါတယ်။ ကြက်သွန်ဖြူ သို့မဟုတ် ကွီဆိုင်ပင်နဲ့ နှမ်းဆီပင်များကို ယှဉ်တွဲစိုက်ပျိုးပါက နှမ်းဆီပင်မှာကျရောက်နိုင်တဲ့ အင်းဆက်ပိုးများကို နှင်ထုတ်ပေးစေနိုင်ပါတယ်။ သခွားမွှေးပင်နဲ့ ချစ်တီးပန်းပင်ကို ယှဉ်တွဲစိုက်ပေးပါက သခွားမွှေးမှာ ကျရောက်မယ့် မြစ်ဖုတီးပိုးကို ကာကွယ်ပေးစေနိုင်ပါတယ်။ သခွားပင်နဲ့ တောင်ကြား ကြက်သွေးပင်ကို ယှဉ်တွဲစိုက်ကသော် သခွားကျိုင်းကို နှင်ထုတ်ပေးစေနိုင်သကဲ့သို့ အင်းဆက်စားပိုးများကိုလည်း ဆွဲဆောင်မှုပြုစေနိုင်ပါတယ်။ ငရုတ်ချိုပင်နဲ့ ဟင်းနနယ်မျိုးများကို ယှဉ်တွဲစိုက်သော် ရွက်ထွင်းစားပိုးကို ကာကွယ်ပေးစေနိုင်ပါတယ်။ ပြောင်းဖူးနဲ့ ပဲမျိုးများကိုအတူ တွဲဖက်စိုက်ပျိုးသော် ပဲပင်က ပြောင်းဖူးပင်ကို နွယ်တက်နိုင်ခြင်းနဲ့ ပဲမြစ်ဖုမှ နိုက်ထရိုဂျင်ပေးစေနိုင်တဲ့အပြင် ပြောင်းဖူးပင်မှာ ကျရောက်ဖျက်ဆီးတဲ့ အင်းဆက်ပိုးများကို ဖမ်းယူစားသုံးမယ့် အကျိုးပြုပိုးများကိုလည်း ဆွဲဆောင်ပေးနိုင်ကြောင်း တွေ့ရပါတယ်။ ဒါကြောင့် မိတ်ဖက်စိုက်ပျိုးရေးစနစ်ဟာ အော်ဂဲနစ်စိုက်ပျိုးရေးမှာ များစွာအကျိုးပြုစေနိုင်မှာ ဖြစ်တဲ့အတွက် ဒေသ အလိုက်စိုက်ပျိုးမယ့် အဓိကသီးနှံများကို အကျိုးပြုစေနိုင်တဲ့ မိတ်ဖက်သီးနှံများကို စိုက်ပျိုးပေးသင့်ကြောင်း ရေးသားလိုက်ပါသည်။
ဆောင်းပါးရှင် –ဒေါက်တာစိန်လှမိုလ်
Source: https://www.thefarmermedia.com/news/15116

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၀၊ မေလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 21,067,157.977 | 112.146 | | 1 | ရေနံထွက်ပစ္စည်းများ | 129.679 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 11,924,801.870 | 105.814 | | 2 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 106.472 |
| 3 | ပြောင်း | မတန် | 277,566.580 | 44.524 | | 3 | ချည်ထည်များ | 78.651 |
| 4 | သတ္တုနှင့်သတ္တုရိုင်းများ | မတန် | 18,333.853 | 42.396 | | 4 | စက်နှင့်စက်ပစ္စည်းများ | 69.895 |
| 5 | (က)မတ်ပဲ | မတန် | 57,403.868 | 42.160 | | 5 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 52.113 |
| 6 | ဆန် | မတန် | 100,376.200 | 35.455 | | 6 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 50.983 |
| 7 | ငါး | မတန် | 28,708.156 | 29.385 | | 7 | ဆေးဝါးပစ္စည်းများ | 49.376 |
| 8 | ရာဘာစိမ်း | မတန် | 16,563.470 | 19.430 | | 8 | တယ်လီဖုန်းနှင့်ဆက်သွယ်ရေးပစ္စည်းကိရိယာများ | 48.876 |
| 9 | ဆန်ကွဲ | မတန် | 62,668.000 | 16.625 | | 9 | သံနှင့်သံမဏိပစ္စည်းများ | 47.551 |
| 10 | နှမ်း | မတန် | 6,172.408 | 10.082 | | 10 | မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ | 40.774 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

US$-Million

| စဉ် | ပို့ကုန်အုပ်စု | ၂၀၁၈-၂၀၁၉ (၁၅-၅-၂၀၁၉) ထိ | ၂၀၁၉-၂၀၂၀ (၁၅-၅-၂၀၂၀) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၁၈-၂၀၁၉ (၁၅-၅-၂၀၁၉) | ၂၀၁၉ -၂၀၂၀ (၁၅-၅ -၂၀၂၀) | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 2176.353 | 264.035 | 437.682 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 3357.249 | 4915.731 | 1558.482 |
| ၂ | တိရိစ္ဆာန်ထွက် | 290.677 | 60.677 | -230.000 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 4221.044 | 4209.382 | -11.662 |
| ၃ | ရေထွက် | 528.166 | 612.742 | 84.576 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 946.371 | 1222.638 | 276.267 | | ၃ | လူသုံးကုန်ပစ္စည်း | 2059.526 | 2150.463 | 90.937 |
| ၅ | သစ်တောထွက် | 110650 | 98.226 | -12.424 | | ၄ | CMP | 1461.402 | 1397.792 | -63.610 |
| ၆ | စက်မှုကုန်ချော | 5852.879 | 5843.961 | -8.918 | | | | | | |
| ၇ | အခြား | 603.203 | 786.981 | 183.778 | | | | | | |
| | စုစုပေါင်း | **10508.299** | **11239.260** | **730.961** | | | စုစုပေါင်း | **11099.221** | **12673.368** | **1574.147** |

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၀၊ မေလအတွင်း မြို့နယ်အလိုက် ဆန်တစ်အိတ်ဈေးနှုန်း

| မြို့နယ် | ဆန်(နွေ)ရှယ် ၅ % | ပေါ်ဆန်း | ရွှေဘိုပေါ်ဆန်း(သစ်) | ညှော့မထဆန် ၂၅ % |
|---|---|---|---|---|
| ဖျာပုံ | 24000–24500 | 38000–40000 | | – |
| မြောင်းမြ | 23500–24500 | 38000–40000 | | – |
| ဒေးဒရဲ | 23000–23800 | 37000–39000 | | – |
| ဝါးခယ်မ | 23500–24000 | 37000–39000 | | – |
| ဘိုကလေး | 22700–23000 | 37000–39000 | | – |
| မော်ကျွန်း | 23000–24000 | 37000–39000 | | – |
| လပွတ္တာ | – | 37000–39000 | | – |
| ကျိုက်လတ် | 23000–23500 | 37000–39000 | | – |
| ဘုရင့်နောင်(သစ်) | 21500–23000 | | 50000–54000 | 19800–20800 |

**Source: MRF**

## ၂၀၂၀၊ မေလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်) (ရောဝတီတိုင်း)

| စဉ် | ရက်စွဲ | ပေါ်ဆန်း | | | ဧည့်မထ | | | ငစိန် | | | ဆန်ကွဲ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 4.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 2 | 5.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 3 | 7.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 4 | 8.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 5 | 11.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 6 | 12.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 7 | 13.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 8 | 14.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 9 | 15.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 10 | 18.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 11 | 19.5.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 12 | 20.5.2020 | 36000 | 35000 | 34000 | 23200 | 23000 | 22800 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 13 | 21.5.2020 | 36000 | 35000 | 34000 | 23200 | 23000 | 22800 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 14 | 22.5.2020 | 36000 | 35000 | 34000 | 23200 | 23000 | 22800 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 15 | 25.5.2020 | 36000 | 35000 | 34000 | 23800 | 23000 | 22800 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 16 | 26.5.2020 | 36000 | 35000 | 34000 | 24000 | 23800 | 23500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 17 | 27.5.2020 | 36000 | 35000 | 34000 | 24000 | 23800 | 23500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 18 | 28.5.2020 | 36000 | 35000 | 34000 | 24000 | 23800 | 23500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 19 | 29.5.2020 | 36000 | 35000 | 34000 | 24000 | 23800 | 23500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |

**Source:** ဝါးတန်းကုန်စည်ဒိုင်

## ၂၀၂၀၊ မေလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ / RC | | ပဲစင်းငုံ RC | | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၉ | ၂၀၂၀ | ၂၀၁၇ | ၂၀၂၀ | | | | |
| 1 | 4.5.2020 | | 960000 | | | 1019600–1071700 | 1295200–1347300 | 814500–839000 | 636900–673600 |
| 2 | 5.5.2020 | | 964000 | | | 1019600–1071700 | 1295200–1347300 | 814500–839000 | 636900–673600 |
| 3 | 7.5.2020 | | 967000 | | | 1019600–1071700 | 1295200–1347300 | 783900–796100 | 658300–682800 |
| 4 | 8.5.2020 | | 966000 | | | 1019600–1071700 | 1295200–1347300 | 783900–796100 | 658300–682800 |
| 5 | 11.5.2020 | | – | | | 1019600–1071700 | 1295200–1347300 | 783900–796100 | 636900–673600 |
| 6 | 12.5.2020 | | 975000 | | | 1019600–1071700 | 1295200–1347300 | 765500–796100 | 636900–673600 |
| 7 | 13.5.2020 | | 984000 | | | 1019600–1071700 | 1295200–1347300 | 765500–796100 | 636900–673600 |
| 8 | 14.5.2020 | | 988000 | | | 1019600–1071700 | 1295200–1347300 | 765500–796100 | 636900–673600 |
| 9 | 15.5.2020 | | 979000 | | | 1090100–1102300 | 1295200–1347300 | 765500–796100 | 636900–673600 |
| 10 | 18.5.2020 | | 965000 | | | 1090100–1102300 | 1295200–1347300 | 765500–796100 | 636900–673600 |
| 11 | 19.5.2020 | | – | | | 1090100–1123700 | 1295200–1347300 | 765500–786900 | 670600–695100 |
| 12 | 20.5.2020 | | 960000 | | | 1090100–1123700 | 1295200–1328900 | 765500–786900 | 670900–695100 |
| 13 | 21.5.2020 | | 970000 | | | 1090100–1123700 | 1295200–1328900 | 765500–786900 | 670600–695100 |
| 14 | 22.5.2020 | | 966000 | | | – | 1295200–1328900 | 765500–796100 | 594000–695100 |
| 15 | 25.5.2020 | | 963000 | | | – | 1295200–1328900 | 765500–796100 | 594000–695100 |
| 16 | 26.5.2020 | | 940000 | | | 1172700–1215600 | 1295200–1328900 | 765500–796100 | 594000–695100 |
| 17 | 27.5.2020 | | 935000 | | | 1172700–1215600 | 1295200–1328900 | 765500–796100 | 594000–695100 |
| 18 | 28.5.2020 | | 925000 | | | 1172700–1215600 | 1295200–1328900 | 765500–796100 | 594000–695100 |
| 19 | 29.5.2020 | | 934000 | | 745000 | 1172700–1215600 | 1295200–1328900 | 765500–796100 | 594000–695100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၀ မေလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျင်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 4.5.2020 | 918600–976800 | 875700–900200 | 713400–747100 | 630800–643000 | 293900–306200 |
| 2 | 5.5.2020 | 918600–976800 | 875700–900200 | 713400–747100 | 630800–643000 | 293900–306200 |
| 3 | 7.5.2020 | 918600–976800 | 897200–918600 | 713400–747100 | 630800–655300 | 293900–306200 |
| 4 | 8.5.2020 | 918600–976800 | 897200–918600 | 713400–747100 | 630800–655300 | 293900–306200 |
| 5 | 11.5.2020 | 918600–976800 | 875700–900200 | 713400–747100 | 630800–643000 | 293900–306200 |
| 6 | 12.5.2020 | 918600–976800 | 875700–900200 | 713400–747100 | 630800–643000 | 293900–306200 |
| 7 | 13.5.2020 | 918600–976800 | 875700–900200 | 713400–747100 | 630800–643000 | 293900–306200 |
| 8 | 14.5.2020 | 918600–976800 | 918600–949200 | 713400–747100 | 630800–643000 | 306200–318400 |
| 9 | 15.5.2020 | 918600–976800 | 918600–949200 | 713400–747100 | 630800–643000 | 306200–318400 |
| 10 | 18.5.2020 | 918600–976800 | 918600–949200 | 713400–777700 | 630800–643000 | 306200–318400 |
| 11 | 19.5.2020 | 918600–976800 | 918600–949200 | 713400–777700 | 630800–643000 | 306200–318400 |
| 12 | 20.5.2020 | 918600–976800 | 918600–949200 | 692000–747100 | 630800–643000 | 306200–318400 |
| 13 | 21.5.2020 | 918600–976800 | 918600–949200 | 692000–777700 | 630800–943000 | 321500–336800 |
| 14 | 22.5.2020 | 918600–976800 | 937000–961500 | 692000–777700 | 612400–643000 | 309300–336800 |
| 15 | 25.5.2020 | 918600–976800 | 937000–961500 | 692000–777700 | 612400–643000 | 309300–336800 |
| 16 | 26.5.2020 | 918600–976800 | 937000–961500 | 692000–777700 | 612400–643000 | 315400–336800 |
| 17 | 27.5.2020 | 918600–976800 | 937000–961500 | 692000–777700 | 612400–643000 | 315400–336800 |
| 18 | 28.5.2020 | 918600–976800 | 958400–992100 | 692000–777700 | 612400–643000 | 315400–336800 |
| 19 | 29.5.2020 | 918600–976800 | 958400–992100 | 692000–777700 | 612400–643000 | 315400–336800 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၀ မေလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 4.5.2020 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 | 950-1000 |
| 2 | 11.5.2020 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 | 950-1000 |
| 3 | 18.5.2020 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 | 950-1000 |
| 4 | 25.5.2020 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 | 950-1000 |

Source: mrppa





## ပြည်ပတင်ပို့သော ဈေးနှုန်းများ (FOB)

### ၂၀၂၀ မေလအတွင်းဖြစ်ပေါ်ခဲ့သော (FOB) ဆန်ဈေးနှုန်းများ

| Name | 6.5.2020 to 12.5.2020 | 13.5.2020 to 19.5.2020 | 20.5.2020 to 26.5.2020 | 27.5.2020 to 2.6.2020 |
|---|---|---|---|---|
| Emata 5 % | 400-420 | 400-420 | 400-420 | 400-420 |
| Emata 10 % | 390-400 | 390-400 | 390-400 | 390-400 |
| Emata 15% | 385-390 | 385-390 | 385-390 | 385-390 |
| Emata 25 % | 360-375 | 360-375 | 360-375 | 360-375 |
| Emata 35 % | 350-360 | 350-360 | 350-360 | 350-360 |
| Ngasein 5% | 410-420 | 410-420 | 410-420 | 410-420 |
| Ngasein 15% | 400-410 | 400-410 | 400-410 | 400-410 |
| Ngasein 20% | 380-390 | 380-390 | 380-390 | 380-390 |
| Ngasein 25% | 365-380 | 365-380 | 365-380 | 365-380 |
| A 1-2 | 330-335 | 330-335 | 330-335 | 330-335 |
| B 1-2 | 300-310 | 300-310 | 300-310 | 300-310 |
| B 2-3-4 | 275-280 | 275-280 | 275-280 | 275-280 |
| B 1&Extra | 285-295 | 285-295 | 285-295 | 285-295 |
| Glutinous 5 % | 570-600 | 570-600 | 570-600 | 570-600 |
| Glutinous 25 % | 480-500 | 480-500 | 480-500 | 480-500 |
| Parboiled Rice 5% | 460-465 | 460-465 | 460-465 | 460-465 |
| Parboiled Rice 10% | 450-455 | 450-455 | 450-455 | 450-455 |
| Parboiled Rice 15% | 435-440 | 435-440 | 435-440 | 435-440 |

Source: MRF

### ၂၀၂၀ မေလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil (USD/bbl) | Bernt Curde Oil (USD / bbl) | RBoB Gasoline (Usd/ gal) | Narural Gas USD/ MMBtu) | Heading Oil (Usd/ gal) |
|---|---|---|---|---|---|---|
| 1 | 4.5.2020 | 18.49 | 25.89 | 75.45 | 1.96 | 78.59 |
| 2 | 5.5.2020 | 21.89 | 28.50 | 84.57 | 2.10 | 84.09 |
| 3 | 7.5.2020 | 24.01 | 29.70 | 88.39 | 1.95 | 82.37 |
| 4 | 8.5.2020 | 24.02 | 29.87 | 93.22 | 1.91 | 85.35 |
| 5 | 11.5.2020 | 24.37 | 30.68 | 95.75 | 1.84 | 90.28 |
| 6 | 12.5.2020 | 24.37 | 29.69 | 92.90 | 1.82 | 87.32 |
| 7 | 13.5.2020 | 25.59 | 29.52 | 89.55 | 1.70 | 82.27 |
| 8 | 14.5.2020 | 25.38 | 29.11 | 84.16 | 1.63 | 82.85 |
| 9 | 15.5.2020 | 27.57 | 31.32 | 92.56 | 1.7 | 90.28 |
| 10 | 18.5.2020 | 30.71 | 33.65 | 100.28 | 1.71 | 59.08 |
| 11 | 19.5.2020 | 31.97 | 34.52 | 102.25 | 1.77 | 100.60 |
| 12 | 20.5.2020 | 32.50 | 34.82 | 104.33 | 1.82 | 97.99 |
| 13 | 21.5.2020 | 33.68 | 36.06 | 105.00 | 1.76 | 99.74 |
| 14 | 22.5.2020 | 32.71 | 34.87 | 101.31 | 1.70 | 96.31 |
| 15 | 25.5.2020 | 33.57 | 35.29 | 103.55 | 1.72 | 98.13 |
| 16 | 26.5.2020 | 34.11 | 35.95 | 106.00 | 1.73 | 100.55 |
| 17 | 27.5.2020 | 34.09 | 35.99 | 203.70 | 1.78 | 98.45 |
| 18 | 28.5.2020 | 31.55 | 33.80 | 97.64 | 1.72 | 96.03 |
| 19 | 29.5.2020 | 33.24 | 35.07 | 99.10 | 1.82 | 91.75 |

Source: Bloomberg Commodities

## ၂၀၂၀၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ

| ပဲအမျိုးအစား | | 4.5. 2020 to 8.5. 2020 | 11.5 .2020 to 15.5 .2020 | 18. 5 .2020 to 22. 5. 2020 | 25. 5.2020 to 29. 5 .2020 |
|---|---|---|---|---|---|
| မတ်ပဲ(2018 crop) | FAQ | 700-720 | 710-730 | 690-710 | 650-670 |
| | SQ | 780-800 | 785-805 | 750-770 | 710-730 |
| | အခွံချွတ် အလုံး/ အခြမ်း | 1000-1030 | 1015-1045 | 990-1015 | 930-960 |
| | အခွံပါ အခြမ်း | 875-900 | 890-915 | 865-890 | 815-840 |
| မတ်ပဲ (2017 crop) | FAQ | 690-710 | 700-720 | 680-700 | 640-660 |
| | SQ | 770-790 | 775-795 | 740-760 | 700-720 |
| | အခွံချွတ် အလုံး/ အခြမ်း | 990-1015 | 1000-1030 | 975-1000 | 915-945 |
| | အခွံပါ အခြမ်း | 865-890 | 875-900 | 850-875 | 800-825 |
| ပဲတီစိမ်း | FAQ (အညာ) | 800-825 | 800-825 | 850-875 | 850-875 |
| | FAQ (ပခုက္ကူ) | 800-830 | 800-830 | 800-830 | 800-830 |
| | ရွှေဝါအသေး (Under 3.5 mm) | 850-875 | 850-875 | 850-875 | 850-875 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 950-980 | 950-980 | 950-980 | 950-980 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 925-950 | 925-950 | 925-950 | 925-950 |
| | အခွံပါအလုံးသေးအခြမ်း(ပခုက္ကူ) | 940-1020 | 940-1020 | 940-1020 | 940-1020 |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 1050-1075 | 1050-1075 | 1050-1075 | 1050-1075 |
| | အခွံချွတ်အလုံးသေးအခြမ်း(ပခုက္ကူ) | 1020-1050 | 1020-1050 | 1020-1050 | 1020-1050 |
| | အခွံချွတ်အလုံးကြီးအခြမ်း(ပခုက္ကူ) | 1025-1050 | 1025-1050 | 1025-1050 | 1025-1050 |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 570-590 | 570-590 | 560-580 | 550-570 |
| | ဖြူနီ (FAQ) | 570-590 | 570-590 | 560-580 | 550-570 |
| | အဖြူ (FAQ) | 570-590 | 570-590 | 560-580 | 550-570 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 550-570 | 550-570 | 545-565 | 535-555 |
| | ဖြူနီ (FAQ) | 550-570 | 550-570 | 545-565 | 535-555 |
| | အဖြူ (FAQ) | 550-570 | 550-570 | 545-565 | 535-555 |
| ကုလားပဲဖြူလုံးကြီး | FAQ | 600-630 | 600-630 | 600-630 | 600-630 |
| | အခွံချွတ်အခြမ်း | 800-840 | 800-840 | 800-840 | 800-840 |
| ပဲလွန်းဖြူ | FAQ | 600-625 | 600-625 | 600-625 | 600-625 |
| | SQ (12.5 ဧကာ) | 725-750 | 725-750 | 725-750 | 725-750 |
| ပဲလွန်းနီ | FAQ | 500-530 | 500-530 | 500-530 | 500-530 |
| မြေထောက်ပဲ | FAQ | 850-900 | 850-900 | 850-900 | 850-900 |
| | အခွံချွတ်အခြမ်း | 1050-1100 | 1050-1100 | 1050-1100 | 1050-1100 |
| | အခွံပါအခြမ်း | 1020-1030 | 1020-1030 | 1020-1030 | 1020-1030 |
| ပဲထောပတ် | FAQ | 525-560 | 525-560 | 525-560 | 525-560 |
| | အခွံချွတ်အခြမ်း | 600-625 | 600-625 | 600-625 | 600-625 |
| | အခွံပါအခြမ်း | 600-625 | 600-625 | 600-625 | 600-625 |
| ပြောင်း | | 215-235 | 215-235 | 215-235 | 215-235 |
| နှမ်းဖြူ | | 1350-1400 | 1350-1400 | 1350-1400 | 1350-1400 |
| နှမ်းနက် (စမုံ) | | 2100-2400 | 2100-2400 | 2100-2400 | 2100-2400 |
| နှမ်းမှုန် | | 1650-1750 | 1650-1750 | 1650-1750 | 1650-1750 |
| နှမ်းညို | | 1350-1400 | 1350-1400 | 1350-1400 | 1350-1400 |
| နှမ်းနက်(ရိုးရိုး) | | 1800-1900 | 1800-1900 | 1800-1900 | 1800-1900 |
| ပဲကြီး | | 700-750 | 700-750 | 700-750 | 700-750 |
| ပဲယင်း | | 520-550 | 520-550 | 520-550 | 520-550 |
| ဘိုကိတ် | | 380-410 | 380-410 | 380-410 | 380-410 |
| နံနံစေ့ | | 550-600 | 550-600 | 550-600 | 550-600 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၀ မေလအတွင်း ရော်ဘာဈေးနှုန်း

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | May 4 2020 | 96.36 | * | * | * | 108.15 |
| 2 | May 5 2020 | 97.95 | * | * | * | 108.45 |
| 3 | May 6 2020 | 99.15 | * | * | * | 108.35 |
| 4 | May 7 2020 | 99.15 | * | * | * | 108.35 |
| 5 | May 8 2020 | 99.91 | * | * | * | 109.70 |
| 6 | May 12 2020 | 98.55 | * | * | * | 108.00 |
| 7 | May 13 2020 | 99.72 | * | 153.05 | * | 108.50 |
| 8 | May 14 2020 | 100.07 | * | 153.85 | * | 108.75 |
| 9 | May 15 2020 | 100.70 | * | 153.75 | * | 109.95 |
| 10 | May 18 2020 | 100.98 | * | 153.50 | * | 109.50 |
| 11 | May 19 2020 | 102.15 | * | 153.50 | * | 111.05 |
| 12 | May 20 2020 | 103.01 | * | 151.45 | * | 111.90 |
| 13 | May 21 2020 | 103.60 | * | 151.95 | * | 112.25 |
| 14 | May 22 2020 | 102.99 | * | 151.75 | * | 110.45 |
| 15 | May 27 2020 | 103.65 | * | 152.05 | * | 112.05 |
| 16 | May 28 2020 | 110.85 | * | 152.70 | * | 111.90 |
| 17 | May 29 2020 | 105.12 | * | * | * | 110.85 |

Source: Association of natural rubber productng countries

## ရွှေဈေးနှုန်းအခြေအနေ


## ၂၀၂၀ မေလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (US$ ) နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 4.5.2020 | 1702 | 1711 | – | 1174500 |
| 2 | 5.5.2020 | 1701 | 1703 | – | 1170500 |
| 3 | 7.5.2020 | 1692 | 1709 | 1170000 | 1169000 |
| 4 | 8.5.2020 | 1718 | 1718 | 1180000 | 1179000 |
| 5 | 11.5.2020 | 1712 | 1725 | 1182500 | 1181800 |
| 6 | 12.5.2020 | 1704 | 1722 | 1190000 | 1191000 |
| 7 | 13.5.2020 | 1704 | 1705 | 1197000 | 1196700 |
| 8 | 14.5.2020 | 1716 | 1716 | 1203000 | 1212500 |
| 9 | 15.5.2020 | 1735 | 1740 | 1214000 | 1214500 |
| 10 | 18.5.2020 | 1761 | 1762 | 1236000 | 1233000 |
| 11 | 19.5.2020 | 1741 | 1742 | 1223000 | 1220000 |
| 12 | 20.5.2020 | 1752 | 1753 | 122200 | 1220500 |
| 13 | 21.5.2020 | 1749 | 1750 | 1218000 | 1215500 |
| 14 | 22.5.2020 | 1729 | 1770 | 1213000 | 1213000 |
| 15 | 25.5.2020 | 1733 | 1735 | 1216500 | 1216000 |
| 16 | 26.5.2020 | 1735 | 1756 | 1223000 | 1223000 |
| 17 | 27.5.2020 | 1717 | 1719 | 1213500 | 1213000 |
| 18 | 28.5.2020 | 1717 | 1784 | 1217000 | 1217800 |
| 19 | 29.5.2020 | 1724 | 1733 | 1216500 | 1215800 |

Source: Bullionvault, etrademyanmar

## ၂၀၂၀ မေလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(US$)

| Date | Dollar | Earning |
|---|---|---|
| 4.5.2020 | 1413 | 1408 |
| 5.5.2020 | 1404 | 1398 |
| 7.5.2020 | 1404 | 1401 |
| 8.5.2020 | 1402 | 1395 |
| 11.5.2020 | 1407 | 1400 |
| 12.5.2020 | 1419 | 1411 |
| 13.5.2020 | 1727 | 1420 |
| 14.5.2020 | 1414 | 1412 |
| 15.5.2020 | 1409 | 1404 |
| 18.5.2020 | 1413 | 1408 |
| 19.5.2020 | 1418 | 1411 |
| 20.5.2020 | 1414 | 1408 |
| 21.5.2020 | 1414 | 1408 |
| 22.5.2020 | 1413 | 1408 |
| 25.5.2020 | 1412 | 1407 |
| 26.5.2020 | 1413 | 1408 |
| 27.5.2020 | 1412 | 1407 |
| 28.5.2020 | 1405 | 1405 |
| 29.5.2020 | 1406 | 1404 |




Source: e trade Myanmar

## ၂၀၂၀ မေလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 4.5.2020 | 1401.0 | 43.214 | 198.38 | 989.20 | 18.518 | 1312.3 |
| 2 | 5.5.2020 | 1396.6 | 43.098 | 197.76 | 985.60 | 18.417 | 1307.7 |
| 3 | 7.5.2020 | 1397.3 | 43.127 | 197.02 | 984.70 | 18.406 | 1313.1 |
| 4 | 8.5.2020 | 1394.6 | 42.230 | 197.00 | 987.00 | 18.446 | 1311.3 |
| 5 | 11.5.2020 | 1397.8 | 43.464 | 197.25 | 987.80 | 18.470 | 1303.7 |
| 6 | 12.5.2020 | 1407.9 | 43.805 | 198.59 | 993.30 | 18.649 | 1309.1 |
| 7 | 13.5.2020 | 1415.9 | 44.171 | 199.62 | 999.10 | 18.764 | 1322.8 |
| 8 | 14.5.2020 | 1411.6 | 43.982 | 198.96 | 992.80 | 18.698 | 1321.3 |
| 9 | 15.5.2020 | 1405.0 | 43.797 | 197.86 | 987.20 | 18.583 | 1312.3 |
| 10 | 18.5.2020 | 1406.5 | 43.898 | 197.62 | 985.80 | 18.515 | 1310.9 |
| 11 | 19.5.2020 | 1410.2 | 44.193 | 198.46 | 995.80 | 18.647 | 1311.9 |
| 12 | 20.5.2020 | 1407.6 | 44.222 | 198.06 | 993.60 | 18.575 | 1307.9 |
| 13 | 21.5.2020 | 1407.0 | 44.197 | 198.26 | 994.70 | 18.657 | 1305.7 |
| 14 | 22.5.2020 | 1406.4 | 44.088 | 197.00 | 987.80 | 18.512 | 1307.9 |
| 15 | 25.5.2020 | 1406.5 | 44.091 | 197.01 | 987.90 | 18.513 | 1308.0 |
| 16 | 26.5.2020 | 1405.4 | 44.070 | 197.03 | 990.50 | 18.572 | 1304.4 |
| 17 | 27.5.2020 | 1406.7 | 44.146 | 196.58 | 992.60 | 18.587 | 1308.4 |
| 18 | 28.5.2020 | 1404.5 | 44.077 | 196.22 | 989.00 | 18.529 | 1302.6 |
| 19 | 29.5.2020 | 1410.0 | 44.036 | 196.17 | 992.00 | 18.547 | 1306.4 |

Source: Central Bank of Myanmar